မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၊ စနေနေ့၊ အတွဲ(၄၆)၊ အမှတ် (၉၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ရဲနွယ်ရေလှောင်တမံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့
ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ ဝန်ကြီးချုပ်များနှင့် နိုင်ငံခြားရေးဝန်ကြီးများက လွတ်လပ်ရေးနေ့သဝဏ်လွှာများ အသီးသီးပေးပို့ခဲ့ကြသည်။

ဗီယက်နမ်သမ္မတနိုင်ငံ

၂၀၀၇ ခုနှစ် ဇန်နဝါရီ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဗီယက်နမ်သမ္မတနိုင်ငံ သမ္မတ မစ္စတာငုယင်မင်ကျစ်ထံမှ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဗီယက်နမ်သမ္မတနိုင်ငံနှင့် ဗီယက်နမ် ***စာမျက်နှာ ၁၁ ကော်လံ ၁*** ❒

ဆန်စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ အထွက်နှုန်း ပိုမိုကောင်းမွန်အောင်ကြိုးစား ရော်ဘာစိုက်ကေပြည့်မီရေး မျိုးကောင်းမျိုးသန့်နှင့် နည်းပညာများဖြည့်ဆည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအောင်မြင်ရေး ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၅

ပဲခူးတိုင်း ရွှေကျင်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ၂ ရက် နံနက်ပိုင်းက ရွှေကျင်တပ်နယ် မြဝတီခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ရွှေကျင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့ကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်)

လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် သူနာပြုများဖြစ်ရေး စွမ်းစွမ်းတမံ ကြိုးပမ်းစွမ်းဆောင်

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြ အခမ်းအနားကို ဇန်နဝါရီ၂ရက်က ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပခဲ့သည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သည် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်မည့် အမျိုးသားတပ်မတော်အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူနှင့် ဆေးဘက်ပညာသည်များ မွေးထုတ်ပေးလျက်ရှိသည်။

သင်တန်းဆင်း တပ်မတော်သားများသည် သက်ဆိုင်ရာဆေးပညာရပ်များ၌ အရည်အသွေးမြင့် သူနာပြုများအဖြစ်သာမက စစ်ပညာရပ်များကိုပါ လေ့ကျင့်သင်ကြား တတ်မြောက်ကျွမ်းကျင်ခဲ့ကြပြီးဖြစ်ရာ စစ်ဘက်တာဝန်နှင့် သူနာပြုတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြမည် ဖြစ်သည်။

တပ်မတော်သားများအတွက် ရောဂါတားဆီးကာကွယ်ရေး၊ ရောဂါနှိမ်နင်းရေး၊ ကျန်းမာမှုမြှင့်တင်ရေး၊ ပြုစုကုသရေးနှင့် လူနာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မွန်မြတ်သည့် စိတ်ထားအပြည့်အဝဖြင့် ဆောင်ရွက်သွားကြမည် ဖြစ်သည်။

နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုပိုင်နက်ကို စောင့်ရှောက်ကာကွယ်ရေး တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ကိုယ်ခံအားကောင်းမွန်ရေးအတွက် ပြုစုစောင့်ရှောက်ကြရမည့်အပြင် လိုအပ်ပါက နိုင်ငံတော်လုံခြုံရေးတာဝန်ကို စွန့်လွှတ်စွန့်စားစွာဖြင့် အသက်ပေးကာကွယ်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းဆင်းများအနေဖြင့် ကျွမ်းကျင်ကူညီ ဆေးစစ်သည်များပီသစွာ တာဝန်ဝတ္တရားများကို စွန့်လွှတ်စွန့်စားစိတ်ဓာတ်ဖြင့် ကျေပွန်စွာထမ်းဆောင်ရင်း လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် မွန်မြတ်သော သူနာပြုများဖြစ်ရေး စွမ်းစွမ်းတမံ ကြိုးပမ်းစွမ်းဆောင်သွားကြရမည် ဖြစ်သည်။ ။

အထက(၁) လမ်းမတော် (စိန့်ဂျွန်း) (၁၉၆၈–၈၄) ပညာသင်နှစ် ကျောင်းသားဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၄ရက်က အဆိုပါကျောင်း စွမ်းအားခန်းမ၌ ကျင်းပရာ မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသိမ်း၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းကိုနှင့် ဘဏ္ဍာရေးမှူး ဒေါက်တာဟံဝင်းတို့က ကျောင်းရန်ပုံငွေအတွက် ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကိုကိုက လက်ခံယူစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၆–၁–၂၀၀၇

(စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၁၅	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၂၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	ဆရာတော် ဦးဃောသိတ တရားတော် **"ဆပ္ပာဏကောပမသုတ်"**

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀	၅။	ရုပ်မြင်သံကြားဇာတ်လမ်း **"အရိပ်"** **မင်းမော်ကွန်း၊ စိုးမြတ်သူဇာ၊ ပန်းဖြူ (ဇာတ်သိမ်းပိုင်း)**
၁၃:၅၀	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၄:၃၅	၄။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅:၃၅	၅။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၆။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၇။	နိုင်ငံတကာသတင်း
၆:၂၀	၈။	မိုးလေဝသသတင်း
၆:၂၅	၉။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၆:၃၀	၁၀။	လျှပ်တစ်ပြက်
၆:၄၀	၁၁။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျေးတောသူ"** (အပိုင်း–၁၈)
၈:၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၆။	FA CUP ဘောလုံးပွဲ Liverpool Vs Arsenal (Live)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးကုတ်ဝိပဿနာ ခုနစ်ရက်စခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၅

မြောက်ဥက္ကလာပမြို့နယ် မိုးကုတ်ရိပ်သာ ပုပ္ပား(၃)ကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့် ဓမ္မကထိက အစိုးရဓမ္မာစရိယ ရွေဦးဆရာတော် အရှင်နန္ဒာသီရိ အရှင်သူမြတ်သည် ဇန်နဝါရီ၁၃ ရက်မှ ၂၀ ရက်အထိ ဖိတ်ဖွန်းရွာ ရွေဦးမြို့၊ ၂၆ရက်မှ ဖေဖော်ဝါရီ ၁ရက် အထိ ဝက်ဖြူကုန်းရွာ အုတ်တွင်းမြို့၊ ၂ ရက်မှ ၄ ရက်အထိ ခေါင်ရမ်းရွာ အုတ်တွင်းမြို့၊ ၇ ရက်မှ ၁၃ ရက် အထိ အဖွဲ့ခွဲ(၂၃၇) မြောင်းတကာ မှော်ဘီမြို့၊ ၁၆ရက်မှ ၂၂ရက်အထိ သရက်ကုန်း စကားများရွာ မြောင်းမြမြို့၊ မတ် ၄ ရက်မှ ၁၀ ရက်အထိ စကားလွန်းရွာ ဘိုကလေးမြို့တို့၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)ရပ်ကွက် ကမ္ဘာ့ဇလမ်း သုခရိပ်ငြိမ် အမှတ် ၅၉ နေ ဒေါက်တာသန်းဝင်း (မျက်စိအထူးကု ဆရာဝန်ကြီး) ဒေါ်အေးသီတာဝင်း(သမီး) မခင်သီတာဝင်း၏ မွေးနေ့အထိမ်းအမှတ် သုံးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်သိန်း၅၀ ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလတစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ
	ရာထူး၊ ဌာန
(က) ဦးမောင်မောင်ဦး	ညွှန်ကြားရေးမှူးချုပ် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပို့ဆောင်ရေးဝန်ကြီးဌာန
(ခ) ဦးမောင်မောင်ငြိမ်း	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ပို့ဆောင်ရေးဝန်ကြီးဌာန
(ဂ) ဒေါက်တာနီလာသိန်း	ပါမောက္ခချုပ် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
(ဃ) ဒေါက်တာမြဦး	ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ယင်းဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြောင်းမြမြို့အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်၊ ပညာသင်ဆု ထောက်ပံ့ကြေးချီးမြှင့်ပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဇန်နဝါရီ ၂၁ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြားတောရလမ်း ဗဟန်းမြို့နယ်ရှိ ရောဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။

နောက်ဆုံးထား လှူဒါန်းနိုင်

အစည်းအဝေးတွင် အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ၏ ဂုဏ်ထူးဆုရ သားသမီးများကို ထူးချွန်ဆုအဖြစ် ချီးမြှင့်မည့်အပြင် ပညာသင်ထောက်ပံ့ကြေးကိုပါ တစ်ပါတည်း ချီးမြှင့်မည်ဖြစ်ရာ သက်ကြီးပူဇော်ရန်နှင့် ဂုဏ်ထူးဆု၊ ပညာသင်ထောက်ပံ့ကြေးဆုများအတွက် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း– ၅၅၈၅၄၃၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးမျိုးကြည် ဖုန်း–၀၉–၅၁–၂၃၇၂၃၊ ဦးသန့်ဇင် ဖုန်း– ၀၉–၉၉–၂၂၁၉၇၊ ဒေါ်သန်းမြင့် ဖုန်း–၅၂၆၁၆၈၊ ဒုတိယဗိုလ်မှူးကြီးသက်စိုး(ငြိမ်း) ဖုန်း– ၇၀၇၅၁၄၊ အတွင်းရေးမှူး ဦးလှဖေ ဖုန်း– ၂၂၁၄၁၉၊ တွဲဖက်အတွင်းရေးမှူးများ ဖြစ်ကြသော ဦးဇော်ထွန်း ဖုန်း–၇၀၉၁၁၄၊ ဦးစန်းရွှေ ဖုန်း–၂၈၂၆၉၃ နှင့် ဦးခင်အောင်တင့် (ဘဏ္ဍာရေးမှူး) ဖုန်း–၇၀၁၆၆၄ တို့သို့ ဇန်နဝါရီ၁၄ ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

လွတ်လပ်သော နိုင်ငံသားတိုင်း၏ တာဝန်

အောင်မိုးခ



မြန်မာနိုင်ငံဟာ ဗြိတိသျှနယ်ချဲ့သမားတို့ရဲ့ ကိုလိုနီလက်အောက်ခံဘဝသို့ နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဂျပန်တို့ရဲ့ စိုးမိုးမှုအောက်သို့လည်း သုံးနှစ်သုံးမိုးကျရောက်ခဲ့ရပါတယ်။ အဲဒီလို သူ့ကျွန်ဘဝ ကျရောက်ခဲ့တဲ့ မြန်မာပြည်ဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးဟာ သူ့ကျွန်မခံ မျိုးချစ်ဇာတိမာန်နဲ့ လွတ်လပ်ရေးတိုက်ပွဲ အဆင့်ဆင့်ကို ဆင်နွှဲခဲ့ကြပါတယ်။ သူ့ကျွန်ဘဝသို့ နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့တဲ့ကာလအတွင်း နှစ်ပေါင်းတစ်ရာကျော် တိုက်ပွဲဝင်လာခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့သမားတွေ အဓမ္မကျူးကျော်သိမ်းယူတဲ့ အချိန်ကစပြီး မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဖြစ်ခဲ့ရတယ်။ နယ်ချဲ့သမားတွေဟာ မြန်မာနိုင်ငံမှာ သူတို့ အလိုဆန္ဒအတိုင်း စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ယဉ်ကျေးမှုစတာတွေအားလုံးကို စီမံဆောင်ရွက်ခဲ့တယ်။ ဘယ်မြန်မာလူမျိုးတစ်ယောက်ကမျှ ပါဝင်ဆောင်ရွက်ခွင့်မရှိဘူး။ ဒါပေမယ့် မြန်မာတို့ရဲ့ အမျိုးသားရေးစိတ်ဓာတ်ကိုတော့ အဲဒီနယ်ချဲ့သမားတွေ ဖျက်ဆီးနိုင်စွမ်းမရှိခဲ့ပါဘူး။ ဒါကြောင့် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ ဆရာစံ အရေးတော်ပုံ၊ တို့ဗမာအစည်းအရုံး၊ ၁၃၀၀ပြည့်အရေးတော်ပုံ၊ ရဲဘော်သုံးကျိပ်၊ ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ် (ဖတပလ)စတဲ့ အဖွဲ့အစည်းတွေဖွဲ့စည်း၊ ကြိုးပမ်းလှုပ်ရှားမှုတွေ ဆောင်ရွက်ပြီး လွတ်လပ်ရေးကြိုးပမ်းမှု တိုက်ပွဲစဉ် အဆင့်ဆင့်ဆင်နွှဲခဲ့လို့ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့မှာ လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့ပါတယ်။ အခုလို လွတ်လပ်တဲ့ နိုင်ငံနဲ့လူမျိုးအဖြစ် ရပ်တည်လာနိုင်တာဟာ မျိုးချစ်စိတ်ကိုအခြေခံတဲ့ အမျိုးသား နိုင်ငံရေးနဲ့ အမျိုးသားစည်းလုံးညီညွတ်ရေး စွမ်းအားကြောင့် ဖြစ်တယ်။ အမျိုးသားနိုင်ငံရေးကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေးဖြစ်ပေါ်ပြီး အမျိုးသားစည်းလုံးညီညွတ်မှု စွမ်းအားကြောင့် လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာတို့ကို ပြန်လည်ရရှိခဲ့တာ ဖြစ်တယ်။

လွတ်လပ်ရေးရလာတဲ့အခါ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်ကို ပြန်လည်ထူထောင်သွားရမယ့်အစား နယ်ချဲ့ရဲ့ သွေးခွဲခဲ့မှုနဲ့ ပြည်ပရဲ့ သွေးထိုးမှုများကြောင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဝါဒဂိုဏ်းဂဏစွဲတွေ ပေါ်ပေါက်လာပြီး ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခမီး လောင်ကျွမ်းလာပြန်တယ်။ အဲဒီလို ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဝါဒဂိုဏ်းဂဏစွဲတွေကြောင့် အမျိုးသားနိုင်ငံရေးနဲ့ အမျိုးသားစည်းလုံးညီညွတ်ရေး ပျက်ယွင်းလာတဲ့အတွက် လွတ်လပ်ရေးရခါစ ပါလီမန်ဒီမိုကရေစီစနစ်ဟာ ၁၄နှစ်အတွင်း ချုပ်ငြိမ်းသွားခဲ့ရတယ်။

အမျိုးသားနိုင်ငံရေးကို ထာဝစဉ်ဦးထိပ်ပန်ထားတဲ့တပ်မတော်က လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်လာခဲ့ရတယ်။ ပါလီမန်ဒီမိုကရေစီ ခေတ်မှာ အာဏာရနိုင်ငံရေးပါတီအတွင်း ပေါ်ပေါက်လာတဲ့ ပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းနိုင်ဘဲ အကြမ်းဖက်ဖြေရှင်းမယ့် အခြေအနေတွေ ပေါ်ပေါက်လာတဲ့အတွက် ၁၉၅၈ ခုနှစ်မှာ ဖဆပလ အစိုးရက တပ်မတော်ကို အိမ်စောင့်အစိုးရအဖြစ် အာဏာလွှဲခဲ့ရတယ်။ တပ်မတော်က အမျိုးသားနိုင်ငံရေးတာဝန်ကို ဝင်ရောက်ထမ်းဆောင်ပြီး ရွေးကောက်ပွဲအသစ် ပြုလုပ်ပေးခဲ့တယ်။ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ ပထစအစိုးရလက်ထက်မှာ ဖက်ဒရယ်မူကို အကြောင်းပြုပြီး ပြည်ထောင်စုကြီး ပြိုကွဲတော့မယ့် အန္တရာယ်နဲ့ ကြုံလာတဲ့အတွက် တပ်မတော်က မလွှဲမရှောင်သာဘဲ နိုင်ငံတော် တာဝန်ကို ဝင်ရောက်ထမ်းဆောင်ခဲ့ရပြန်ပါတယ်။ တပ်မတော်ဟာ ပြည်ထောင်စုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာကို မထိပါးရေးအတွက် ကာကွယ်လာခဲ့ရတာပဲ ဖြစ်တယ်။

လမ်းစဉ်ပါတီအစိုးရခေတ် ၁၉၈၈ခုနှစ် အရေးအခင်းမှာလည်း မင်းမဲ့စရိုက်တွေ ကြီးစိုးလာပြီး သူတစ်လူငါတစ်မင်းနဲ့ တိုင်းပျက်ပြည်ပျက်လို အခြေအနေဆိုးတွေ ဖြစ်ပေါ်လာမှုအပေါ် ပြည်ပက ဝင်ရောက်စွက်ဖက်လာတဲ့အတွက် တပ်မတော်က ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ထားပြီး နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်လာခဲ့ရပြန်တယ်။ ပြည်သူတို့လိုလားတဲ့ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးခဲ့တယ်။

အဲဒီလို တပ်မတော်က အမျိုးသားနိုင်ငံရေးတာဝန်ကို ထမ်းဆောင်ပြီး နိုင်ငံတော်ကို ထူထောင်လာခဲ့တဲ့အတွက် ယခင်အစိုးရအဆက်ဆက်ကို နှစ်ရှည်ကြာစွာ ဆန့်ကျင်ခဲ့တဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ ၁၇ဖွဲ့ဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်လက်တွဲလာခဲ့ပါတယ်။ ဒါကြောင့် ဒီကနေ့ နိုင်ငံတစ်ဝန်း နယ်စွန်နယ်ဖျားပါမကျန် တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်လာတဲ့အတွက် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်ရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့် အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ အခြေခံအဆင့်ဖြစ်တဲ့ အမျိုးသား စည်းလုံးညီညွတ်ရေးကို ကိုယ်စားပြုလျက်ရှိသော အမျိုးသားညီလာခံကြီးက စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကို ပုံဖော်နေပြီ ဖြစ်ပါတယ်။

ဒါပေမယ့် အနောက်နိုင်ငံကြီးအချို့နဲ့ သြဇာခံပြည်ပအားကိုး အဆိုးမြင်ဝါဒီများက နိုင်ငံထူထောင်ရေး လုပ်ငန်းမှန်သမျှကို အဆိုးမြင်သက်သက်နဲ့ ဆန့်ကျင်နေကြတယ်။ ဒါဟာ အနောက်ဆရာကြီးအလိုကျ အာဏာကို ဖြတ်လမ်းက ရယူရေး ရည်မှန်းချက်ကြောင့်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ ပြိုကွဲပျက်စီးအောင် စီးပွားရေးပိတ်ဆို့အရေးယူမှုတွေ၊ လူသားချင်းစာနာ ထောက်ထားသော အကူအညီ နည်းပညာအကူအညီနဲ့ အတိုးနည်း ချေးငွေဖြတ်တောက်မှုတွေသာမက မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အရေးယူအောင်အထိ တစ်စိတ်တည်းတစ်ဥာဏ်တည်း လုပ်ကြံနေကြတာ ဖြစ်တယ်။

အခုလိုအချိန်အခါမျိုးမှာ မြန်မာတစ်မျိုးသားလုံးအဖို့ မျိုးချစ်ဇာတိသွေး၊ ဇာတိမာန်ကို အခြေခံတဲ့ အမျိုးသားစည်းလုံးညီညွတ်ရေး စွမ်းအားဖြင့် ပြည်ပစွက်ဖက်မှု မှန်သမျှနဲ့ ပြည်ပသြဇာခံ လုပ်ရပ်တွေကို ကာကွယ်တိုက်ဖျက်သွားကြဖို့ ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ ချွေးသွေး အသက်ပေါင်းများစွာနဲ့ ပြန်လည်ရယူထားတဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို တစ်စိတ်တည်း တစ်ဝမ်းတည်း လက်တွဲကာကွယ်သွားကြဖို့ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေး ကြေညာစာတမ်းကြီးမှာ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ထားရှိမွေးမြူသွားကြဖို့အတွက် အခုလို ဖော်ပြထားတာ တွေ့ရှိနိုင်ပါတယ်။

“ဤငါတို့ မြန်မာနိုင်ငံတော်ကြီးသည် လိုရာမတ ပြည့်စုံလှ၍ ဘူမိနက်သန်မှန်သော မြေထူးမြေမြတ်လည်းဖြစ်၏။ မွန်မြတ်သန့်စင်သော တရားထူးတရားမြတ်တို့တည်ရာ မြေကောင်းမြေမွန်လည်း မှန်၏။ မြေတွင်းမြေပြင် အထူးထူးသော ရတနာအပေါင်းတို့နှင့် ပြည့်စုံသဖြင့် သတ္တဝါအပေါင်းတို့ ဆွတ်ယူစားသုံး ကမ္ဘာဆုံးသော်လည်း မသုဉ်း မကုန်နိုင်သော ပဒေသာစစ် အနှစ်သာရ ကြွယ်ဝပြည့်စုံသော မြေလည်းဖြစ်၏။ ဘူမိနက်သန် မှန်လှထူးချွန်၊ ဤမြေမွန်မြေမြတ်၌ ရှမ်း၊ ကချင်၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ ရခိုင် စသည်ဖြင့် တစ်သွေးတစ်သား တစ်မိဖွားများဖြစ်ကြကုန်သော ငါတို့သည် နှစ်ပေါင်းထောင်ရာ သင်္ချာဖွားတက် ရေတွက်ခြင်းငှာ မတတ်နိုင်ရာသော ရာဇဝင်ရှည်ဝေး၊ ရှေးပဝေသဏီမှစ၍ တညီတညွတ် တစုတရုံး လွတ်လပ်သော လူမျိုးအဖြစ် တည်ခဲ့ကြကုန်၏။ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် ထိုနောင် မန္တလေး အထိ ငါတို့ လွတ်လပ်ရေးသည် နေရောင်အဝါ ကဲပမာသို့ တဖြာတဝင်းဝင်း ကမ္ဘာချဉ်းအောင် ထွန်းလင်းခဲ့ပေ၏”

ကမ္ဘာမှာ မည်သည့်နိုင်ငံနဲ့လူမျိုးမဆို လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးရဲ့ ဂုဏ်ကိုသာ ရယူလိုကြတာ ဖြစ်တယ်။ ကိုလိုနီကျွန်ပြုခံရသော လူမျိုး၊ တိုင်းတစ်ပါးသြဇာခံ လက်ပါးစေလူမျိုးအဖြစ် မရပ်တည်လိုကြတာ အမှန်ပဲဖြစ်ပါတယ်။ လွတ်လပ်ရေးဆိုသည်မှာ နိုင်ငံနဲ့လူမျိုးတစ်ရပ်အဖို့ နိုင်ငံရေးအရ လွတ်လပ်ခြင်း၊ စီးပွားရေးအရ လွတ်လပ်ခြင်း၊ လူမှုရေးနဲ့ ယဉ်ကျေးမှုအရ လွတ်လပ်ခြင်းတို့ ပါဝင်ပါတယ်။ ဒါ့အပြင် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံမှာ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာဆိုသော အချုပ်အခြာအာဏာသုံးရပ်ကို နိုင်ငံသားများ လက်ဝယ်မှာ ထားရှိကျင့်သုံးနိုင်ရမှာဖြစ်တယ်။ လွတ်လပ်ခြင်းရဲ့ ဆန့်ကျင်ဘက်ကတော့ ကျွန်ပြုခံရခြင်း၊ တိုင်းတစ်ပါးရဲ့ မတရား စွက်ဖက်ခြယ်လှယ်ခံရခြင်းများပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ You Cannot Stop Birds Flying Overhead.သင့်ခေါင်းပေါ်က ငှက်တွေဖြတ်ပြီးတော့ ပျံမသွားအောင် သင်တားလို့မရဘူး။ But You Can Stop Them From Nesting In Your Hair ဒါပေမယ့် သင့်ခေါင်းပေါ်က ဆံပင်ထဲမှာ အသိုက်လာမလုပ်အောင်တော့ တားလို့ရတယ်ဆိုတဲ့ ကဗျာလေးကို ဥပမာပေးချင်ပါတယ်။ ဒါကြောင့်မို့ တိုင်းတစ်ပါးမှ လက်ဝါးကြီးအုပ် ဗိုလ်ကျစိုးမိုးရေးဝါဒီများ၊ ကိုလိုနီနယ်ချဲ့လက်သစ်များရဲ့ စွက်ဖက်မှု ကျူးကျော်မှုမှန်သမျှကို ကာကွယ်တိုက်ဖျက်သွားနိုင်ဖို့အတွက်–

- **နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲ ပူးပေါင်းကာကွယ်စောင့်ရှောက်ရေး၊**
- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်း ကာကွယ်ရေး၊**
- **ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး၊**
- **တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား အားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး**

ဆိုတဲ့(၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့အမျိုးသားရေးဦးတည်ချက်များကို မပျက်မကွက် ကျေပွန်စွာထမ်းဆောင်သွားရေးဟာ လွတ်လပ်သော နိုင်ငံသားတို့၏တာဝန်ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

6-1 (03) 1 3/24/1905, 11:04 PM

ဟွန်ဒိုင်းမော်တော်ကားလုပ်ငန်းမှ ထုတ်လုပ်သည့် ကားတစ်စီးကို ဇန်နဝါရီ ၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားမော်တော်ကား ထုတ်လုပ်ရောင်းချမှု ၂၀၀၆ ခုနှစ်အတွင်း ၁၁ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်

ဆိုးလ် ဇန်နဝါရီ ၅

ဟွန်ဒိုင်းမော်တော်ကားလုပ်ငန်းကို ဦးဆောင်သည့် တောင်ကိုရီးယားနိုင်ငံ၏ အကြီးဆုံးမော်တော်ကားထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီငါးခုမှ မော်တော်ယာဉ် ပြည်ပတင်ပို့မှု မြင့်မားခဲ့ရာ ၂၀၀၅ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ၁၁ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ ယွန်ဟတ်သတင်းဌာနက ပြောကြားသည်။

ဓာတ်ဆီဈေးနှုန်းများ မြင့်တက်နေသည့်ကြားမှပင် တောင်ကိုရီးယားနိုင်ငံလုပ် မော်တော်ကားများအား ပြည်တွင်း၌ လက်ခံသုံးစွဲမှုမှာ မြင့်တက်လျက်ရှိပြီး ပြည်တွင်းနှင့် ပြည်ပသို့ ရောင်းချရမှုမှာ ၂၀၀၅ ခုနှစ်အတွင်း မော်တော်ကားစီးရေ ၅ ဒသမ ၂၁သန်းရှိရာမှ ၂၀၀၆ ခုနှစ်တွင် ၅ ဒသမ ၈၁ သန်းသို့ မြင့်တက်လာခဲ့သည်။

ပြည်တွင်း၌ ရောင်းချရမှုမှာ ၁ ဒသမ ၁၅ သန်းရှိပြီး ၁ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ပြည်ပသို့တင်ပို့ရောင်းချရမှုမှာ ၄ဒသမ ၆၆ သန်းရှိပြီး ၁၄ ဒသမ ၂ ရာခိုင်နှုန်း ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဟွန်ဒိုင်းမော်တော်ကားလုပ်ငန်းသည် တောင်ကိုရီးယား မော်တော်ကား ဈေးကွက်၏ ထက်ဝက်ကျော်ကို ချုပ်ကိုင်ထားပြီး ၂၀၀၇ ခုနှစ်အတွင်းတွင် ပြည်တွင်းနှင့် ပြည်ပသို့ မော်တော်စီးရေ ၂ ဒသမ ၇၃ သန်း ရောင်းချရန် မျှော်မှန်းထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဇမ်ဘီယာကျေးလက်ဒေသ လျှပ်စစ်မီးလင်းရေး နိုင်ငံလေးနိုင်ငံက အကူအညီပေးမည်

ဒါအက်ဆလမ် ဇန်နဝါရီ ၅

တောင်အာဖရိက၊ ဖင်လန်၊ နော်ဝေနှင့် ယူအေအီးနိုင်ငံတို့သည် ဇမ်ဘီယာနိုင်ငံ ကျေးလက်ဒေသ လျှပ်စစ်မီးလင်းရေး ကူညီပေးရန် တင်ဒါများရရှိခဲ့ကြသည်။

အဆိုပါလေးနိုင်ငံသည် ဇမ်ဘီယာ ကုမ္ပဏီတစ်ခုနှင့်ပူးပေါင်းကာ အိန္ဒိယသမုဒ္ဒရာကျွန်းစုရှိ ကျေးရွာပေါင်း ၆၄ ရွာအား လျှပ်စစ်မီးလင်းရေးအတွက် စီမံကိန်းကို ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းသည် နှစ်နှစ်အတွင်း ပြီးစီးမည်ဖြစ်ကြောင်း ဇမ်ဘီယာ ရေမြေနှင့်ဆောက်လုပ်ရေးဝန်ကြီး ယူဆွပ်ဟီမက်ခ်က ပြောကြားသည်။

နော်ဝေနိုင်ငံက အဆိုပါစီမံကိန်းအတွက် တန်ဇန်းနီးယားရှီလင် ၈ ဒသမ ၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆ဒသမ ၉၆ သန်း) အကုန်အကျခံ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စကင်ဒီနေးဗီးယန်းနိုင်ငံကလည်း တန်ဇန်းနီးယားမှ ဇမ်ဘီယာ၏ အဓိက ကျွန်းနှစ်ကျွန်းအနက်မှ တစ်ခုဖြစ်သော ပမ်ဘာကျွန်းသို့ရေအောက် လျှပ်စစ်ကေဘယ်လ် ကြိုးသွယ်တန်းတည်ဆောက်ရာတွင် ငွေကြေးကျခံပေးသွားမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘောဒီးယားသို့ ကမ္ဘာလှည့်ခရီးသွား လာရောက်မှုမြင့်တက် ၂၀၀၇ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်း တိုးတက်ရန်မျှော်မှန်း

ဖနောင်ပင် ဇန်နဝါရီ ၅

ကမ္ဘောဒီးယားနိုင်ငံ၏ ၂၀၀၆ ခုနှစ် ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုတိုးတက်ခဲ့ရာ ၂၀၀၅ ခုနှစ်ကထက် ၂၀ ရာခိုင်နှုန်းခန့် ပိုမိုလာရောက်ခဲ့ကြောင်း၊ ယင်းမှာ ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားလုပ်ငန်းတိုးတက်မှုကို ပြသနေခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားနေ့စဉ် သတင်းစာက ဒီဇင်ဘာ ၃ရက်၌ ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံသို့ ၂၀၀၆ ခုနှစ်က ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၁ ဒသမ ၇ သန်း လာရောက်ခဲ့ရာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ရရှိခဲ့သည်။ အဆိုပါငွေကြေးပမာဏမှာ ကမ္ဘောဒီးယား နိုင်ငံ ဂျီဒီပီ၏ ၁၂ ရာခိုင်နှုန်းရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

ထုတ်ပြန်

ကမ္ဘောဒီးယားနိုင်ငံသို့ ၂၀၀၄ ခုနှစ်က ကမ္ဘာလှည့်ခရီးသွားဦးရေ တစ်သန်းနှင့် ၂၀၀၅ ခုနှစ်က ၁ ဒသမ ၄ သန်းခန့် လာရောက်ခဲ့ကြောင်း ကမ္ဘောဒီးယား ခရီးသွား လုပ်ငန်းမှ သတင်းထုတ်ပြန်သည်။

ကမ္ဘောဒီးယားနိုင်ငံ အနေဖြင့် ၂၀၀၇ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွား လာရောက်မှုမှာ ယခင်နှစ်များကထက် ၂၀ ရာခိုင်နှုန်း တိုးမြင့်လာမည်ဖြစ်ကြောင်း မျှော်မှန်းထားသည်။

ဆွဲဆောင်

ကမ္ဘောဒီးယားနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားများကို အဓိကဆွဲဆောင်လျက်ရှိသော နေရာများမှာ အန်ကောဝပ်ဘုရားကျောင်း ဖနောင်ပင်မြို့နှင့် စတန်ထရန်ပြည်နယ်ရှိ နေရာအချို့တို့ဖြစ်ကြောင်း သိရသည်။

ဖော်ပြ

၂၀၀၆ ခုနှစ် အောက်တိုဘာလတွင် ကမ္ဘာလှည့်ခရီးသည် ၆၅၀၀၀၀ မှာ အန်ကောဝပ်ဘုရားကျောင်းသို့ လာရောက်လည်ပတ်ခဲ့ကြရာ ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်ကြသည့် ကမ္ဘာလှည့်ခရီးသည် အရေအတွက် ထက်ဝက်ခန့်ရှိကြောင်း ကမ္ဘောဒီးယား ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနမှ ထုတ်ပြန်သော ကိန်းဂဏန်းများ၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့ အရှည်ဆုံး မင်္ဂလာဝတ်စုံ

ကမ္ဘာ့အရှည်ဆုံး မင်္ဂလာဝတ်စုံကို ဝတ်ဆင်ထားသော သတို့သမီးတစ်ဦးအား တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ဟူနန်ပြည်နယ် အလယ်ပိုင်းရှိ ယန်မြို့တွင်မင်္ဂလာလက်ထပ်ပွဲတစ်ခု၌ သတို့သမီး ဝတ်ဆင်ထားသော မင်္ဂလာဝတ်စုံမှာ ၂၈မီတာ ရှည်လျားရာ ၎င်းမင်္ဂလာဝတ်စုံသည် ကမ္ဘာပေါ်တွင် အရှည်ဆုံး မင်္ဂလာ ဝတ်စုံဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ထိုင်းနိုင်ငံတွင် နှစ်သစ်ကူးကာလ၌ သေဆုံးသူ ၄၄၉ဦးရှိ ယခင်နှစ် နှစ်သစ်ကူးကာလထက် သေဆုံးဒဏ်ရာရသူပိုမိုများပြား

ဗန်ကောက် ဇန်နဝါရီ ၅

နှစ်သစ်ကူးကာလ ပထမရက်သတ္တပတ်အတွင်း ထိုင်းနိုင်ငံ၌ အပျော်ကျူးသူများကြောင့် ယာဉ်တိုက်မှုများဖြစ်ပွားကာ လူ ၄၄၉ဦး သေဆုံးခဲ့သည်။ ဇန်နဝါရီ ၂ရက် တစ်ရက်တည်းမှာပင် ယာဉ်တိုက်မှု စုစုပေါင်း ၅၀၉မှု ဖြစ်ပွားကာ ၅၆ ဦးသေဆုံးပြီး ၅၆၇ဦး ဒဏ်ရာရရှိခဲ့သည်။

မဆင်မခြင်မောင်းနှင်

အဆိုပါ ယာဉ်တိုက်မှုများအနက် ၄၅ရာခိုင်နှုန်းမှာ မူးယစ်သောက်စားယာဉ်မောင်းမှုကြောင့်ဖြစ်ပြီး ၂၀ရာခိုင်နှုန်းခန့်မှာ မဆင်မခြင် အရှိန်လွန်မောင်းနှင်မှုများကြောင့်ဖြစ်ကြောင်း သိရသည်။

သေဆုံးဒဏ်ရာရ

နှစ်သစ်ကူးကာလဖြစ်သော ၂၀၀၆ခုနှစ် ဒီဇင်ဘာ၂၈ရက်မှ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၃ရက်အထိ ထိုင်းနိုင်ငံ၌ ယာဉ်တိုက်မှုပေါင်း ၄၄၅၆မှု ဖြစ်ပွားခဲ့ရာ သေဆုံးသူ ၄၄၉ဦး၊ ဒဏ်ရာရရှိသူ ၄၉၄၃ဦးရှိကြောင်းနှင့် ယခင်နှစ် နှစ်သစ်ကူးကာလထက် သေဆုံးဒဏ်ရာရသူ ပိုမိုများပြားကြောင်း သိရသည်။

(အမ်အင်န်အေ/ဆင်ဟွာ/အိုင်တီပီ)

ကုလသမဂ္ဂဝန်ထမ်း ၂၂ဦး ၂၀၀၆ခုနှစ်အတွင်း အသတ်ခံခဲ့ရ

ဂျီနီဗာ ဇန်နဝါရီ ၅

၂၀၀၆ ခုနှစ်အတွင်းတွင် ကမ္ဘာတစ်ဝန်းလုံး၌ တာဝန်ထမ်းဆောင်သည့် ကုလသမဂ္ဂငြိမ်းချမ်းရေး တပ်ဖွဲ့ဝင်နှင့် အရပ်သားဝန်ထမ်း စုစုပေါင်း ၂၂ဦး တိုက်ခိုက်ခံ သေဆုံးကြရကြောင်း ကုလသမဂ္ဂ ဝန်ထမ်းသမဂ္ဂက ဇန်နဝါရီ ၂ ရက်တွင် ကြေညာသည်။

ဤအခြေအနေကို ကိုင်တွယ်ရန်အတွက် ပြစ်မှုကျူးလွန်သူတရားခံများအား အပြစ်ပေးအရေးယူရန် အလှမ်းကွာဝေးသေးကြောင်းဖြင့်လည်း ကုလသမဂ္ဂ ဝန်ထမ်းသမဂ္ဂက ကြေညာသည်။

အခင်းဖြစ်ပွားသည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြစ်မှုကျူးလွန်သူများအား ချေမှုန်း၊ စီရင်ရန် တာဝန်ရှိသည်ဟုလည်း ဆက်လက်ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူး ခြားခြား

စွမ်းရည်ပြနေသော ကြက်တူရွေး

အံ့သြဖွယ်ရာ စွမ်းရည်ပြသနေသော ကြက်တူရွေးတစ်ကောင်ကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ကျန်စုပြည်နယ် ကျင်ကျန်းမြို့ရှိ တိရစ္ဆာန်ဥယျာဉ် တစ်ခုတွင် ကြက်တူရွေးတစ်ကောင်က ကြိုးတန်းပေါ်မှ ဘီးတစ်ခုကို ကျွမ်းကျင်စွာ စီးနင်းပြသခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်

ရန်ကုန် ဇန်နဝါရီ ၅

ခန္တီ၊သစ္စာ၊သာသနာ ဆီမီး ၉၀၀၀ အဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၉)ကြိမ်မြောက် ဆီမီး၉၀၀၀ ထွန်းညှိပူဇော်ပွဲကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၃ နာရီက ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ရင်ပြင်၌ ကျင်းပရာ အဆိုပါအဖွဲ့က ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်အား ကန်တော့ပွဲ၊ တရားပွဲ၊ သံဃာပွဲများကပ်လှူပြီး ရည်စူးလှူဒါန်းကြကာ ဓမ္မစကြာအဖွဲ့က ပရိတ်တရားတော်များရွတ်ပွားပူဇော်ကြသည်။

ထို့နောက် ဇန်နဝါရီ ၁ရက် နံနက် ၃ နာရီကစ၍ ဓမ္မစကြာအဖွဲ့က ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ အဖွဲ့နာယကက ဆရာတော်ဘဒ္ဒန္တနန္ဒိယ ဦးစီးသည့် သံဃာတော်များက အနေကဇာတင်ခြင်းများဆောင်ရွက်ပြီး သံဃာတော်များ၊ ဆီမီး ၉၀၀၀အဖွဲ့ဝင်များနှင့် ဘုရားဖူးများက ဆွမ်းပွဲ ၉၀၀၀၊ ရေချမ်း၉၀၀၀၊ မေမြို့ပန်းအဖြူ ၉၀၀၀ နှင့် သစ်သီး၁၀၈ပွဲတို့ဖြင့် ကပ်လှူပူဇော်ကြသည်။

(ယာအပေါ်ပုံ)

ထွန်းညှိပူဇော်

ယင်းနောက် ရွှေသင်္ကန်းအလှူ ငွေကျပ် ၁၂၀၀၀၀၊ ရေသွယ်တန်းရေး အလှူငွေကျပ် ၃၀၀၀၀၀၊ လျှပ်စစ်မီး အလှူငွေကျပ် ၃၀၀၀၀၀၊ ဆီမီး ၉၀၀၀ ဓမ္မာရုံကြီး ဘက်စုံပြုပြင်ရန် အလှူငွေကျပ် ၃၀၀၀၀၀ နှင့် ရင်ပြင်တော်

ကျောင်း ပြုပြင်ရန် အလှူငွေကျပ်၂၀၀၀၀၀တို့ကို လှူဒါန်း၍ ကျိုက်ထီးရိုး တောင်ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၅၆ ကျောင်းအတွက် သင်္ကန်း၊ ဆွမ်းဆန်၊ဆီ၊ပဲနှင့် အခြားလှူဖွယ်ပစ္စည်းများအတွက် အလှူငွေကျပ် ၁၈ သိန်းခန့်တို့ကို လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ညပိုင်းတွင်ဘုရားပေါ်၌ ဆီမီးများထွန်းညှိပူဇော်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာ၌ အသိပညာပေးဟောပြော

နေပြည်တော် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူ၊ တိုင်း၊ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည် ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာရှိ အမျိုးသမီးများအား အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှင်းလင်းဟောပြော

ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး အမျိုးသမီးရေးရာ အဖွဲ့ချုပ် အကြောင်း သိကောင်းစရာများကို အကျယ်တဝင့်ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးအဖွဲ့ခွဲ ခေါင်းဆောင်ကလေးအထူးကုဆရာဝန် ဒေါက်တာ ဒေါ်မြင့်မြင့်သိန်းက HIV/ AIDS ရောဂါ တားဆီးကာကွယ်ရေး အကြောင်းကို လည်းကောင်း၊ မုံရွာခရိုင်ရဲတပ်ဖွဲ့မှူးရုံး ရဲအုပ်ဒေါ်ရီရီသန်းက လူကုန်ကူးမှုနှင့် ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေး ဌာနကြီးမှူးက အလ္လကပ္ပကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသည့် အမျိုးသမီးရေးရာဝတ်စုံများကို ထောက်ပံ့ပြီး ကျေးရွာစာကြည့်တိုက်သို့ စာအုပ်စာတမ်းများနှင့် ကျေးရွာပြည်သူလူထုသို့ မှန်ချိုတိုင်းရင်းဆေးဝါးများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးထံသို့ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက မြင်းမူမြို့နယ်မှ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ၁၅၀၀ ကို ပေးအပ်သည်။

ရင်းရင်းနှီးနှီးဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးက အလ္လကပ္ပကျေးရွာမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား အဖွဲ့ဝင် အသိအမှတ်ပြုကတ်ပြားနှင့် ရင်ထိုးတံဆိပ်များပေးအပ်ပြီး အလ္လကပ္ပကျေးရွာရှိ အမျိုးသမီးများအား စကားဝိုင်းများဖြင့် ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးနှင့် အဖွဲ့သည် မုံရွာခရိုင် ချောင်းဦး မြို့နယ် ခင်မွန်ကျေးရွာနှင့် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ထုတ်ပေးထားသော အသေးစား ချေးငွေ (Micro credit)ဖြင့် လုပ်ငန်းဆောင်ရွက်နေသောနှီးကုန်ပစ္စည်းယပ်တောင်၊ တောင်း၊ဖျာ၊ရေအိုးဖုံး စသည့် လူသုံးကုန် ပစ္စည်းများ လုပ်ဆောင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး အမျိုးသမီးရေးရာ ကိစ္စရပ်များအကြောင်း ရှင်းလင်းဆွေးနွေးကြသည်။

အာဟာရပဒေသာပင်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးနှင့် အဖွဲ့သည် ချောင်းဦးမြို့ ရေမွန်(၂) အမျိုးသမီးကျောင်းသို့ သွားရောက်၍ ကျောင်းသူလေးများအတွက် အာဟာရပဒေသာပင် ငွေကျပ် တစ်သိန်းကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို မော်ဘီမြို့နယ် လွတ်လပ်ရေးပန်းခြံတွင် ဇန်နဝါရီ ၄ရက်က ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်စိုး ဖတ်ကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များ မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာတွင် အမျိုးသမီးများနှင့် စကားဝိုင်းများဖွဲ့၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြစဉ်။

(သတင်းစဉ်)

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

ယခုနှစ်၌ ကမ္ဘာတစ်ဝန်း စံချိန်တင်အပူမြင့်တက်ဖွယ်

၂၀၀၇ ခုနှစ်သည် အပူဆုံးနှစ်အဖြစ် စံချိန်တင်နိုင်ဖွယ်ရှိကြောင်း ဗြိတိန်နိုင်ငံ သုတေသနပညာရှင်များက ခန့်မှန်းပြောကြားလိုက်သည်။

၂၀၀၇ခုနှစ်အတွင်း ပစိဖိတ်သမုဒ္ဒရာတွင် အယ်နီညိုရာသီဥတု ဖြစ်ပေါ်လာနိုင်ပြီး ယင်း၏အကျိုးဆက်အဖြစ် တစ်ကမ္ဘာလုံးတွင် အပူချိန်များမြင့်တက်လာမည်ဖြစ်ကြောင်း သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်၌ ဖော်ပြသည်။

ရာခိုင်နှုန်း

ကမ္ဘာ့အပူချိန်သည် ၁၉၉၈ ခုနှစ်မှ စတင်ကာ အပူချိန် တဖြည်းဖြည်းမြင့်တက်လာလျက်ရှိပြီး လက်ရှိအချိန်တွင် အပူချိန်အမြင့်ဆုံးအထိ ရောက်ရှိလာနိုင်မှု ၆၀ရာခိုင်နှုန်းရှိနေကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၀၆ခုနှစ်က ဥရောပရှိ အချို့နိုင်ငံများတွင် အပူချိန်အမြင့်ဆုံးအထိ ရောက်ရှိခဲ့ကြောင်း၊ ဗြိတိန်နိုင်ငံတွင်လည်း ၁၉၁၄ခုနှစ်မှ စတင်ကာ အမြင့်ဆုံးအပူချိန်ဖြစ်ခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

ဖန်လုံအိမ်

ထိုသို့ အပူချိန်မြင့်တက်လာခြင်းမှာ အယ်နီညိုရာသီဥတုအပြင် လူသားတို့၏ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုများကြောင့်လည်းဖြစ်ကြောင်း ပါမောက္ခဖိုလန်က ပြောကြားသည်။ **(အင်တာနက်)**

သီတဂူဆရာတော် တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် သီတဂူ အပြည်ပြည်ဆိုင်ရာ သာသနာပြုဗိမာန် အလှူတော်ရေစက်ချ တရားပွဲ ကျင်းပမည်ဖြစ်ရာ သီတဂူ အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက ဇန်နဝါရီ ၁၀ရက် အစား ဇန်နဝါရီ ၈ရက်ည၇နာရီတွင် ရေစက်ချ တရားချီးမြှင့်မည်ဖြစ်၍ ကြွရောက်တရားနာယူကြရန်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံတစ်ဝန်း နှစ်သစ်ကူးပျော်ပွဲ ရွှင်ပွဲများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျ ကျင်းပခဲ့

နေပြည်တော် ဇန်နဝါရီ ၅

နှစ်သစ်ကူးကာလတွင် အများပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်အေးချမ်းမြေ့စွာ ပျော်ပွဲရွှင်ပွဲများ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ရာ နှစ်သစ်ကူးကာလ ပျော်ပွဲရွှင်ပွဲများကို နိုင်ငံတစ်ဝန်းလုံး၌ ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲနိုင်ခဲ့ကြောင်း သိရသည်။

စနစ်တကျကျင်းပခဲ့

၂၀၀၆ခုနှစ် ဒီဇင်ဘာ၃၁ရက်ညတွင် ရန်ကုန်မြို့၌ နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲ အခမ်းအနားများကို မြရိပ်ညို၊ ယုဇနဂါးဒင်းဟိုတယ်၊ ဟိုတယ်နီကိုးစသည့် သတ်မှတ်ထားသော နေရာအသီးသီး၌ စနစ်တကျ ကျင်းပခဲ့ကြသည်။ ယင်းကဲ့သို့ သတ်မှတ်နေရာများတွင် စနစ်တကျကျင်းပနိုင်ခဲ့မှုကြောင့် နှစ်သစ်ကူးညတွင် ရန်ကုန်မြို့၌ ယာဉ်မတော်တဆဖြစ်ပွားမှုနှင့် ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရမှုမရှိခဲ့ကြောင်း သိရသည်။

အလားတူ ပြည်နယ်နှင့်တိုင်း အသီးသီးမြို့ကြီးများတွင်လည်း နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲများကို စနစ်တကျစီစဉ်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရမှု မရှိခဲ့ကြောင်း သိရသည်။

စနစ်တကျထိန်းသိမ်းဆောင်ရွက်

ယင်းကဲ့သို့ မြန်မာနိုင်ငံတစ်ဝန်း နှစ်သစ်ကူးကာလအတွင်း ပျော်ပွဲရွှင်ပွဲများကျင်းပစဉ် ထိခိုက်သေဆုံး၊ ဒဏ်ရာရမှုမရှိခဲ့ခြင်းမှာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီး၏ ကြီးကြပ်စီစဉ်မှု၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်မှုတို့ကြောင့်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်္ဂလိပ်အသင်း စာတမ်းများဖတ်ပွဲ

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ အင်္ဂလိပ်နိယာအသင်း၏ နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို အသင်းအဆောက်အအုံ သစ်တည်ရှိရာ တက္ကသိုလ်များ (လှိုင်နယ်မြေ) လှိုင်မြို့နယ် ရန်ကုန်မြို့၌ ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့်အင်္ဂလိပ်နိယာဘာသာရပ်ပေါင်းစုံ စာတမ်းဖတ်ပွဲကြီးကို တက္ကသိုလ်များ (လှိုင်နယ်မြေ) လှိုင်မြို့နယ် ရန်ကုန်မြို့၌ ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ စာတမ်းဖတ်ကြားလိုသူများ အနေဖြင့် မိမိတို့ဖတ်ကြားမည့် စာတမ်းများကို တက္ကသိုလ်များ(လှိုင်နယ်မြေ)ရှိ မြန်မာနိုင်ငံအင်္ဂလိပ်နိယာအသင်းသို့ ဇန်နဝါရီ ၃၁ရက်နောက်ဆုံးထားပြီး ပေးပို့ကြရန် မြန်မာနိုင်ငံ အင်္ဂလိပ်နိယာအသင်းက နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ် ၂/၂၀၀၇

၁၃၆၈ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ရက်
(၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၄ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို အပ်နှင်းလိုက်ပါသည်–

(ယမန်နေ့ကအဆက်)

လူမှုထူးချွန်တံဆိပ် (တတိယဆင့်)

၁။ ဒေါ်ခင်ချိုချို စာရေးအဆင့်(၁)၊ ယင်းမာပင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း)၊ ပြည်ထဲရေးဝန်ကြီးဌာန။
၂။ ဒေါ်ကြည်ကြည်(ခ) ဟသ်ာကြည် ဂီတပညာရှင်၊ ပြန်ကြားရေးဝန်ကြီးဌာန။
၃။ ဦးသိန်းဆောင် ဂီတပညာရှင်၊ ပြန်ကြားရေးဝန်ကြီးဌာန။
၄။ ဗိုလ်ကြီးကျော်ဇင်မိုး အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅။ ဦးသိန်းဌေး နည်းပြ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၆။ ဦးသန်းလွင် နည်းပြ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၇။ ဦးရွှေဝင်း နည်းပြ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၈။ ဦးမြင့်အောင် နည်းပြ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၉။ ဦးသန်းမောင် လက်ထောက်ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ နည်းပြချုပ်၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၀။ ဒေါ်ခင်မူမူ ရုံးအုပ်၊ အိုးအိမ်ဦးစီးဌာန၊ နည်းပြ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၁။ မောင်သန်းဇော်ဦး ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၂။ မောင်အောင်လှိုင်မိုး ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၃။ မောင်အောင်ဇော် ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၄။ မကြူကြူသင်း ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၅။ မခင်နုနုဖြိုး ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၆။ မမေဇင်ဖြိုး ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၇။ မစိုးဆင့်ဆင့်အောင် ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၈။ မမာမာဝင်း ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၉။ ဦးဝင်းနိုင် ကစားသမား၊ မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၀။ ဦးအန်အောင်ခွန် ကစားသမား၊ မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၁။ ဦးအောင်ကြီး ကစားသမား၊ မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၂။ ဦးမင်းလွင် ကစားသမား၊ မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၃။ ဦးသန်းလှိုင် ကစားသမား၊ မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၄။ မစန္ဒာမျိုးသန်း ကစားသမား၊ မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၅။ မသူဇာဝင်း ကစားသမား၊ မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၆။ မောင်မောင်လွင် ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၇။ မောင်အောင်ကျော်မိုး ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၈။ မောင်ရန်ပိုင် ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၉။ မောင်ကျော်သူရ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၀။ မောင်ဇော်ဇော် ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၁။ ဒေါက်တာ အောင်ကျော်ဦး လ/ထဆရာဝန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန။
၃၂။ ဦးညွန့်လင်း သူနာပြု(၃)၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန။
၃၃။ မနိုင်နိုင်ဝင်း ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၄။ မောင်သိန်းဇော်မင်း ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၅။ မောင်မောင် ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၆။ မောင်စည်သူလင်း ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၇။ မောင်အောင်ချိုမြင့် ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၈။ မောင်အောင်မြင်သူ ကစားသမား၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃၉။ မောင်စိုင်းပြည့်စုံဟိန်း ကစားသမား၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၀။ မောင်ပြည့်ဝေဖြိုး ကစားသမား၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၁။ ဒေါက်တာမင်းနိုင် ဆေးမှူး၊ မြို့တော်စည်ပင်နည်းပြ၊ မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၂။ မကေခိုင်လွင် ကစားသမား၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၃။ မမြင့်မြင့်အေး ကစားသမား၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၄။ မလှဲ့လှဲ့ဝင်း ကစားသမား ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၅။ မောင်ဇော်ဝင်းထိုက် ကစားသမား၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၆။ ဦးကျော်ဦး ကစားသမား၊ မြန်မာနိုင်ငံဘိလိယက်/စနူကာအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၇။ ဦးအောင်ဆန်းဦး ကစားသမား၊ မြန်မာနိုင်ငံဘိလိယက်/စနူကာအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၈။ မောင်ဇင်လင်းအောင် ကစားသမား၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄၉။ မောင်မောင်စိန် ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၀။ မောင်အောင်အောင်ဦး ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၁။ မောင်ကိုကိုအောင် ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၂။ မောင်ဇော်လင်းထွန်း(၂) ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၃။ မောင်မင်းသူ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၄။ မောင်ခင်မောင်ထွန်း ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၅၅။ ဦးခေါ်ဒုဒီးတန် ကျောင်းဆရာ(ငြိမ်း)တောင်သူ၊ အမှတ်(၃၃၈)၊ လေယာဉ်ကွင်းရပ်ကွက်၊ ပူတာအိုမြို့၊ ကချင်ပြည်နယ်။
၅၆။ ဦးခင်မောင်ရွှေ ဆောက်လုပ်ရေးဝန်ထမ်း(ငြိမ်း)၊ မြို့မရပ်ကွက်၊ မိုးညှင်းမြို့၊ ကချင်ပြည်နယ်။
၅၇။ ဦးလဆီးဘောက်နော် (ဦးဘောက်ဝါ)အကျိုးဆောင်ဥက္ကဋ္ဌ၊ ဝိုင်အမ်စီအေ (၁၉၉၂–၂၀၀၅)မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။
၅၈။ ဒေါက်တာခင်မောင်ထွန်း တာဝန်ခံဆရာဝန်၊ ပါရမီဦး အခမဲ့ဆေးကုသခန်း၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။
၅၉။ ဦးသိန်းအောင် ဥက္ကဋ္ဌ ချင်းတွင်းဆန်လှူအသင်း၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။
၆၀။ ဦးကျော်သောင်း ကုန်သည်၊ အိမ်အမှတ်–၂၇၈၊ ၃၄ လမ်း၊ ၈၅/၈၆ ကြား၊ မလွန်ရပ်၊ မန္တလေးမြို့။
၆၁။ ဒေါ်သန်းရီ သန့်စင်ဝင်းဆေးလိပ်ခုံ၊ မြောက်အင်းရပ်၊ (အောင်သပြေ) ကောလင်းမြို့၊ စစ်ကိုင်းတိုင်း။
၆၂။ ဒေါ်အေးအေးသန်း တွဲဖက်အတွင်းရေးမှူး၊ မုံရွာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်ကိုင်းတိုင်း။
၆၃။ ဦးဘိုကြီး(ခ)ဦးအောင်ငွေ မြန်မာတိုင်းရင်းဆေးသမားတော်ကြီး၊ ရုပ်ပျိုတိုင်းရင်းဆေး၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။
၆၄။ ဦးလှသန်း တပ်ခွဲမှူး၊ မီးသတ်တပ်ဖွဲ့၊ ကြောင်ငယ်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း။
၆၅။ ဦးလှမျိုးရှိန် တပ်စုမှူး၊ မီးသတ်တပ်ဖွဲ့၊ တပ်ပြင်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း။
၆၆။ ဦးဝင်းလှိုင် တပ်စုမှူး၊ မီးသတ်တပ်ဖွဲ့၊ ခယူတောရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း။
၆၇။ ဦးစိုးတင့် ခြံအမှတ်–၂၀၉၊ (၈)လမ်း၊ နတ်သျှင်နောင်ရပ်ကွက်၊ ကေတုမတီမြို့သစ်၊ တောင်ငူမြို့၊ ပဲခူးတိုင်း။
၆၈။ ဦးမြင့်နိုင် ခြံအမှတ်–၂၀၆၊ (၈)လမ်း၊ နတ်သျှင်နောင်ရပ်ကွက်၊ ကေတုမတီမြို့သစ်၊ တောင်ငူမြို့၊ ပဲခူးတိုင်း။
၆၉။ ဦးကျော်သူဝင်း ခြံအမှတ် (၃၅)၊ ၇ လမ်း၊ နတ်သျှင်နောင်ရပ်ကွက်၊ ကေတုမတီမြို့သစ်၊ တောင်ငူမြို့၊ ပဲခူးတိုင်း။
၇၀။ ဦးလှမင်းသူ ဒုဦးစီးမှူး၊ စက်မှုအမှတ်(၃)တည်ဆောက်ရေး ရေအားလျှပ်စစ်ဦးစီးဌာန၊ တောင်ငူမြို့၊ ပဲခူးတိုင်း။
၇၁။ ဦးကျော်တင့် ခရိုင်တာဝန်ခံ (တိုင်းအလုပ်အမှုဆောင်)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မကွေးတိုင်း။
၇၂။ ဦးမြင့်သန်း (ခ) ဦးမောင်ငယ် အမှတ် (၅၄၁/အီး)၊ အောက်လမ်းမကြီး၊ သိမ်ကုန်းရပ်–ဘိုကုန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၇၃။ ဦးလှထွန်း (အမှတ် ၅၄၁) အောက်လမ်းမကြီး၊ သိမ်ကုန်းရပ်–ဘိုကုန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၇၄။ ဒေါ်အေးအေးမြင့် အမှတ် (၅)သဇင်လမ်း၊ ဇေယျာမြိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၇၅။ ဦးသန်းထွန်း အမှတ် (၇၉) ဗုဒ္ဓဟူးလမ်း၊ ၄ ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။
၇၆။ ဦးသိန်းမောင် ရွှေလမင်းဆေးလိပ်လုပ်ငန်း၊ (ဥက္ကဋ္ဌ မြို့နယ်မော်တော်ယာဉ်အသင်း) ကျောင်းကုန်းမြို့၊ ဧရာဝတီတိုင်း။
၇၇။ ဒေါက်တာဌေးနိုင် အတွင်းရေးမှူး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်း။
၇၈။ ဦးဇော်ထွန်း ကျွမ်းကျင်(၆)၊ ကုန်သွယ်လယ်ယာ(ငြိမ်း)၊ အမှတ်(၄၄) သီတာလမ်း၊ (၂)ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်း။
၇၉။ ဦးလှိုင်ဦး အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမှတ်(၁၁၄/၅) ကမ်းနားလမ်း၊ လပွတ္တာမြို့၊ ဧရာဝတီတိုင်း။
၈၀။ ဦးတင်ဦး ကုန်သည်၊ အမှတ်(၅၅/၆) ဘုရားလမ်း၊ လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်း။
၈၁။ ဦးနေဝင်း မြန်မာ့အာမခံကိုယ်စားလှယ်၊ အမှတ်(၉၂၇/၅) အောင်သုခလမ်း၊ လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်း။
၈၂။ ဦးဌေးအောင် ဈေးသည်၊ ယုဝလမ်း၊ မင်းကုန်းရပ်၊ မြစ်သားမြို့၊ မန္တလေးတိုင်း။
၈၃။ ဦးဖေယျ ပုံနှိပ်လုပ်သား၊ အကွက်(၂၄၇) သီရိဟေမာအရှေ့၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
၈၄။ ဦးကျော်လင်း လ/ထကြီးကြပ်ရေးမှူး၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။
၈၅။ ဦးကျော်ကျော်(ခ)ဦးမောင်ဘို အရန်မီးသတ်ဦးစီးမှူး၊ အမှတ်(၄/၄၆) သရဖီလမ်း(၄)ရပ်ကွက်၊ လဲချားမြို့၊ ရှမ်းပြည်နယ်။
၈၆။ ဒေါ်စန်းကြည် ခြံယာ–လုပ်သား၊ ညောင်ဖြူစခန်းရပ်၊ မြင့်မိုရ်လမ်းမကြီး၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။
၈၇။ ဦးဇော်လွင် ရတနာလုပ်ငန်း၊ အမှတ်(၁၆/၁၈၉)၊ ကုန်သည်ကြီးလမ်း၊ တောင်ငူမြို့၊ ပဲခူးတိုင်း။
၈၈။ ဦးဝင်းလှိုင် လုပ်သား၊ မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး၊ လမ်းမတော်မြို့နယ်၊ အလုပ်သမားဝန်ကြီးဌာန။
၈၉။ ဦးစိန်တင့် ကောက်ပဲသီးနှံပွဲရုံ၊ မင်းတဲအိကင်း၊ အကွက်(၁၀၀)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၉၀။ ဦးဝင်းမောင် တ–ကုန်ကြပ်(တံတား)၊ ကုန်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၉၁။ ဦးအောင်ဆန်း တိုးရွှေမေတ္တာပန်းပုလုပ်ငန်း၊ ဆိုင်(၁၇)၊ နာရီစင်တိုက်တန်း၊ မဟာမုနိဘုရားကြီး၊ မန္တလေးတိုင်း။
၉၂။ ဦးဝေဝေအောင် စက်ခေါင်းမှူး(၄)၊ မလွှကုန်းဒီဇယ်စက်ခေါင်းရုံ၊ မြန်မာ့မီးရထား၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၉၃။ ဒေါ်ယဉ်ယဉ်အေး အမှတ်(၇)၊ (၃၄)လမ်း၊ ဈေးတန်းရပ်၊ ဈေးတန်းအုပ်စု၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း။
၉၄။ ဦးဝိရူရ သံဃာတော်၊ မိုးကောင်းတိုက်၊ သုံးထပ်ကျောင်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
၉၅။ ဦးဉာဏ်ဝင်း ဆိုက်ကား၊ အကွက်(၆၂၁) ဟေမာဇလရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
၉၆။ ဦးညွန့်အောင် ရေယာဉ်အုပ်(၃)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၉၇။ ဒေါ်ခင်အုန်းမြင့် အကြီးတန်းလက်နှိပ်စက်၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။
၉၈။ ဦးကျော်ဝင်း ရေပိုက်ပြင်ကျွမ်းကျင်(၄)၊ မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာန၊ အငယ်တန်းအင်ဂျင်နီယာ(၁)လုပ်ငန်းရုံး၊ မန္တလေးရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၉၉။ ဦးခင်ဝင်း တက်မကိုင်–၅၊ ရေကြောင်းဌာန(မြစ်ဝ)၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၁၀၀။ ဦးသိန်းထွန်း ရေယာဉ်မှူး(တ)၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၁၀၁။ ဦးအေးလွင် လုပ်သား၊ မြို့နယ်ပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံး၊ မန္တလေးမြို့၊ အလုပ်သမားဝန်ကြီးဌာန။
၁၀၂။ အရှင်ဂန္ဓသာရ သံဃာတော်၊ သာသနာ့နုဂ္ဂဟကျောင်း၊ ဓမ္မိကရာမတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။
၁၀၃။ ဦးစိုးတင့် ဒု–လ/ထကြီးကြပ်ရေးမှူး(ဘူတာစာရေး)၊ စီးပွားရေးဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၁၀၄။ ဦးတင်ဝင်း ဆက်သွယ်ရေး(၅)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကြေးနန်းရုံ၊ သရက်မြို့၊ မကွေးတိုင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန။
၁၀၅။ လ–၁၁၇၄၅၄ ရဲတပ်သားအောင်ကြီး စည်ပင်သာယာရဲတပ်ဖွဲ့(ရန်ကုန်)၊ ပြည်ထဲရေးဝန်ကြီးဌာန။
၁၀၆။ ဦးမျိုးသိန်း လွှပြင်(၄)၊ လွှပြုပြင်ခြင်း၊ အမှတ်(၂)ပရိဘောဂစက်ရုံ၊ သစ်တောရေးရာဝန်ကြီးဌာန။
၁၀၇။ လေ–၂၁၁၁ ဗိုလ်မှူးမောင်မောင်ကျော် လေတပ်ခဲယမ်းမီးကျောက်တပ်၊ လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။
၁၀၈။ ဦးသန်းဆောင် စက်မှုကျွမ်းကျင်(၅)တွဲပြင်၊ လူစီးတွဲပြင်စက်ရုံ၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၁၀၉။ ဦးအောင်ဇော် ဌာနခွဲစာရေး၊ နိုင်ငံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန။
၁၁၀။ အရှင်နေမိန္ဒ သံဃာတော် ၊ သာသနာ့နုဂ္ဂဟကျောင်း၊ ဓမ္မိကရာမတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။
၁၁၁။ ဦးခင်ထူး ဈေးသည်၊ အမှတ်(၆၉)ဝါရုံလမ်း၊ တရုပ်စု၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၁၁၂။ ဒေါ်သန်းသန်းဝင်း စက်မှုစီမံရေး(၃)၊ အမှတ်(၁) ဓာတ်ငွေ့စက်ရုံ၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ဝန်ကြီးဌာန၏ အဓိကတာဝန်ကြီးသုံးရပ်နှင့် လုပ်ငန်းတာဝန်ကိုးရပ် လိုက်နာဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်သည် ၂၀၀၆ခုနှစ် ဒီဇင်ဘာ၂၉ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မန္တလေးတိုင်း ဦးစီးဌာနမှူးရုံး၌ တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍လည်းကောင်း ဒီဇင်ဘာ၃၀ရက်က စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူးရုံးခန်းတွင် မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင် ဦးစီးဌာနမှူးများ၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍လည်းကောင်း၊ ဒီဇင်ဘာ ၃၁ရက်က မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင် ဦးစီးဌာနမှူးများ၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍လည်းကောင်း ဝန်ကြီးဌာန၏ အဓိကတာဝန်ကြီးသုံးရပ်နှင့် လုပ်ငန်းတာဝန်ကိုးရပ်တို့အား ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရေးနှင့် ဝန်ထမ်းများ သစ္စာရှိစွာဖြင့် မိမိအဆင့်နှင့်လျော်ညီအောင် သိက္ခာရှိရှိနေထိုင်ကြိုးစား၍ လာဘ်လာဘကင်းရှင်းကြစေရန်နှင့် ပါတီနိုင်ငံရေး ကင်းရှင်းကြစေရန် မှာကြားသည်။

မှာကြား

ယင်းနောက် တိုင်း၊ ခရိုင်၊ မြို့နယ်အလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်သွားကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓာတ်လှေကားတပ်ဆင်ရန် အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး၌ ဓာတ်လှေကား တပ်ဆင်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ရက်က အဆိုပါဆေးရုံ၌ ကျင်းပရာ ရွှေမြိုင်ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးကောင်း(ခ) ဦးအောင်လင်း၊ ဒေါ်ခင်ခင်မိသားစုတို့က အလှူငွေကျပ် ၁၅၃၀၀၀၀၊ စွမ်းအလှကုန်စတိုးမှ ဒေါ်ပိုယဉ်က အလှူငွေ ကျပ်ငါးသိန်း၊ အမေရိကန်နိုင်ငံမှ ဒေါက်တာလှမြင့် မိသားစုက အလှူငွေကျပ်လေးသိန်း၊ ကိုဆန်းမင်း မိသားစုက အလှူငွေ ကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာဆေးရုံအုပ်ကြီးဒေါက်တာဦးကျော်လှမြင့် **(အောက်ပုံ)** က အလှူငွေများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

● ကျောက်ဖြူမှ

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် သာကေတမြို့နယ် ကွေ့မဲ့တည်ရှိသော စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သဘာဝဓာတ်ငွေ့ထိန်း/ဖြန့်စခန်းသို့ရောက်ရှိရာ ဒုတိယညွှန်ကြားရေးမှူး (ထုတ်လုပ်ရေး) ဦးကြီးမြင့်နှင့် တာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးညွန့်တို့ကမိမိတို့ဌာနက သဘာဝဓာတ်ငွေ့ လက်ခံဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့် သာကေတစက်ရုံသို့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပို့လွှတ်သွယ်တန်းထားရှိမှုတို့ကို လိုက်လံရှင်းလင်းပြသရာ ဝန်ကြီးက သဘာဝဓာတ်ငွေ့ ပိုမိုရရှိပြီး စက်များ စွမ်းအားပြည့် လည်ပတ်နိုင်ရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒို့လွတ်လပ်ရေး အသက်သွေး အသက်ပေး၍ ကာကွယ်မည်

❑ ဒို့လွတ်လပ်ရေး၊ အသက်သွေးကို
အေးဆေးညင်သာ၊ လွယ်ကူစွာဖြင့်
ရလာခဲ့သည် မဟုတ်ချေ။

❑ နိုင်ငံ့အထွတ်၊ လွတ်လပ်သရဖူ
ရယူရန်အတွက်၊ အသက်သွေးချွေး
စတေးခဲ့ရ၊ ဒုက္ခဆင်းရဲ
သည်းခံဖွဲ့သန်၊ ရန်မှန်သမျှ
တွန်းလှန်တိုက်ထုတ်၊ အငုတ်မချန်
မြေလှန်ရှင်းလင်း၊ အားတင်းမာန်ခဲ
ဖွဲ့၊ ဝီရိယ၊ သတ္တိပြလျက်
မြန်မာ့သရဖူ၊ ရယူခဲ့ဘိ
ဇာတိဂုဏ်ရောင်၊ သမိုင်းပြောင်မည့်ဖြိုး
ငါးဆယ့်ကိုးနှစ်တိုင်ခဲ့ပြီ။

❑ ဤလွတ်လပ်ရေး၊ အသက်သွေးကို
အသက်ပေးကာ၊ ကာကွယ်ကြမည်
ရွှေပြည်နိုင်ငံသစ်၊ ခံ့ထည်ရစ်ဖို့
မျိုးချစ်စိတ်စစ်မှန်၊ ကေန်လိုသည်
ပြည်သူပြည်သား၊ စဉ်နိုးကြားလော့
"တိုင်းရင်းသားမောင် ညီနောင်ထု၏
ရိုင်းပင်းအားဆောင် ပြည်ထောင်စုစိတ်"
တဖိတ်ဖိတ်လင်းလက်နေစေသတည်း။ ။

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

■ ကျောက်ဖြူမှ

ရှေးဦးစွာ မင်္ဂလာအချိန်ကျရောက်သည်နှင့် သဃ်န်းကျွန်းမြို့နယ် (ခ) ရပ်ကွက် အောင်မင်္ဂလာလမ်းနှင့် ပြည်တော်သာလမ်းဆုံ မင်္ဂလာလမ်း မုခ်ဦး ရှေ့၌ ငမိုးရိပ်ဂျိုးဖြူ မင်္ဂလာရေပိုက်ဖွင့်ပွဲကို ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေနှင့် ရပ်ကွက် ရေသွယ်ယူရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အမွှေးနံ့သာပက်ဖျန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က မင်္ဂလာမော်ကွန်း ကမ္ပည်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ရပ်ကွက်အတွင်းသို့ ဆက်သွယ်ရယူထားသည့် မင်္ဂလာရေငုတ်မှ ဘားများကိုလှည့်ကာ ရေစတင်ပို့လွှတ်ပေးကြပြီး ထွက်ရှိသည့် ရေအရည်အသွေးကို ကြည့်ရှုစစ်ဆေးကြသည်။

အစီအစဉ်အရ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမှာစကား ပြောကြားသည်။

အဆိုပြုလွှာပေးအပ်

ယင်းနောက် တာဝန်ရှိသူများက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်အဆိုပြုလွှာများ အသီးသီးပေးအပ်ကြရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က လက်ခံကြပြီး အသိအမှတ်ပြုကတ်ပြားများ ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ ရပ်မိ ရပ်ဖ ဦးစိုးလွင်က သောက်သုံးရေ ရရှိခြင်းအတွက် ကျေးဇူးတင် ဝမ်းမြောက်စကားပြောကြားကာ ဧည့်သည်တော်များအား ရေဖွင့်ပွဲ အထိမ်းအမှတ်အလံငယ်များ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လိုက်လံကြည့်ရှု

အခမ်းအနားအပြီးတွင် ဗဟိုအလုပ် အမှုဆောင်များနှင့် ဧည့်သည်တော်များသည် ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ ရေဆက်သွယ်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ပါတီသည် နိုင်ငံနှင့် ပြည်သူ့အကျိုးကိုလုပ်ဆောင်ခဲ့ခြင်းမရှိ ကြို့ပင်ကောက်မြို့နယ် NLD ပါတီဝင် ကိုးဦး နုတ်ထွက်

ရန်ကုန် ဇန်နဝါရီ ၅

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင် ဦးအေးကိုကိုသည် မေ ၂၅ရက်တွင်လည်းကောင်း၊ ပါတီဝင်များဖြစ်ကြသည့် စီကောက်ပင်ကျေးရွာမှ ဦးကြည်အောင်နှင့် ဦးမြင့်ချိုတို့သည် ဇူလိုင် ၂၆ရက်တွင်လည်းကောင်း၊ လိန်ပင်ကွင်းတောင်စုကျေးရွာမှ ဒေါ်ဖြူသည် ဇူလိုင်၂၈ရက်တွင်လည်းကောင်း၊ ကံကလေးကျေးရွာမှ ဦးမြကြိုင်သည် ဩဂုတ် ၁ရက်တွင်လည်းကောင်း၊ အနောက်တောင်ရပ်ကွက်မှ ဦးသက်ခိုင်သည် ဩဂုတ် ၂၂ရက်တွင် လည်းကောင်း၊ ဘန့်ဘွေးကုန်းကျေးရွာမှ ဦးစိန်ဝင်း၊ ဦးလှသောင်းနှင့် ဦးမြင့်ဦးတို့သည် ဩဂုတ် ၂၅ရက်တွင်လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း မိမိတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများ ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ကြို့ပင်ကောက်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီသည် နိုင်ငံနှင့်ပြည်သူ့အကျိုးကို မည်သည့်အခါကမျှ လုပ်ဆောင်ခဲ့ခြင်း မရှိကြောင်း၊ တိုင်းပြည်နှင့်လူမျိုး ဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်ရေးလုပ်ငန်းများကိုသာ ရှေးရှုဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားကိုးမှုမရှိတော့သဖြင့် မိမိတို့ဆန္ဒအလျောက် NLDပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

၁၁၃။ ဦးကျော်မြင့် ဆက်သွယ်ရေး(၃)၊ သွားလာပို့ဆောင်ရေးဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၁၁၄။ ဒေါ်မိုးမိုးဌေး ထုတ်လုပ်ရေးကျွမ်းကျင်(၄)၊ မရမ်းကုန်းမျက်နှာသုတ်ပဝါစက်ရုံ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။
၁၁၅။ ဦးကျော်မြင့် အလုပ်ရုံစိတ်မှူး၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။
၁၁၆။ ဦးမောင်မောင်သန်း ဆက်သွယ်ရေး(၄)(စာတိုက်)၊ တိုင်းဆက်သွယ်ရေးစခန်း(စာတိုက်)ရန်ကုန်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန။
၁၁၇။ ၅၀၇၇၁၃ တပ်ကြပ်ကြီးသိန်းလှိုင် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၁၁၈။ ဦးမြသိန်း လက်ထောက်ညွှန်ကြားရေးမှူး၊ စွမ်းအင်စီမံရေးဦးစီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန။
၁၁၉။ ဦးဝင်းအောင် ထုတ်လုပ်ရေးကျွမ်းကျင်(၃)၊ ဆပ်ပြာစက်ရုံအမှတ်(၁) မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။
၁၂၀။ ဦးကျော်ဝင်းနိုင် အလုပ်ရုံစုမှူး၊ ဆပ်ပြာစက်ရုံအမှတ်(၂)၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။
၁၂၁။ ဦးမျိုးသွင် ဌာနခွဲစာရေး၊ ရေရရှိရေးနှင့်သန့်ရှင်းရေးစီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။
၁၂၂။ ဦးဝဏ္ဏသာမိ သံဃာတော်၊ မဟာဒီပဲရင်းတိုက်၊ ပုညဝတီကျောင်း၊ ၁၈ x ၁၉ လမ်းကြား၊ ၈၆လမ်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၁၂၃။ ဦးမြင့်သိန်း ဒု–ဓာတ်ခွဲမှူး၊ သိမ်ဆိပ်တိုက်နယ်ဆေးရုံ၊ သထုံမြို့၊ မွန်ပြည်နယ်၊ ကျန်းမာရေးဝန်ကြီးဌာန။
၁၂၄။ ဦးတင်မြင့် လက်မှုကျွမ်းကျင်(၅)လုပ်သား၊ မြို့ပြအင်ဂျင်နီယာဌာန၊ မြစ်ကြီးနားမြို့၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၁၂၅။ ဦးစောဝင်း အကြီးတန်းလက်နှိပ်စက်၊ ပလိပ်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။
၁၂၆။ ဦးမြသိန်း စက်မှုကျွမ်းကျင်(၃)၊ ပလိပ်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။
၁၂၇။ ဦးကျော်ဆန်း ထုတ်လုပ်မှုကျွမ်းကျင်(၄)၊ ပလိပ်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။
၁၂၈။ ဦးအောင်ဌေး ယာဉ်မောင်း(၅)၊ လက်ထောက်ညွှန်ကြားရေးမှူး (၁)ရုံး၊ အမှတ် (၂) တည်ဆောက်ရေး၊ မန္တလေးမြို့၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၁၂၉။ ဒေါ်သီတာလှိုက် သရုပ်ပြ(ရက္ခဗေဒဌာန) ဆေးတက္ကသိုလ်(၂)၊ ရန်ကုန် ကျန်းမာရေးဝန်ကြီးဌာန။
၁၃၀။ ဒေါ်စန်းစန်းနွဲ့ ထုတ်လုပ်ရေးကျွမ်းကျင်(၅)၊ ဒိုင်းမွန်းအချိုရည်နှင့်ရေခဲစက်ရုံ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။
၁၃၁။ ဦးကျော်ဝင်း ထုတ်လုပ်ရေးကျွမ်းကျင်(၃)၊ ဆပ်ပြာစက်ရုံ(၂)၊ ပဏ္ဍိတလမ်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။
၁၃၂။ ဦးမျိုးလွင် ဖယောင်းတိုင်လုပ်သား၊ အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်) စွမ်းအင်ဝန်ကြီးဌာန။
၁၃၃။ ဦးဖိုးထူး အုပ်စုမှူး(တ) လျှပ်စစ်/စက်မှု၊ ဖျာပုံမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၁၃၄။ ဦးမြင့်ကို အင်ဂျင်နီယာမြေတိုင်း K.T.M Construction Group မြို့ပတ်လမ်း၊ မူလရွှေတံခါးကွက်သစ်၊ ရွှေကျောက်ကာဘုရားအနီး၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၁၃၅။ ဒေါ်ဌေးဌေးဝင်းထွန်း ဌာနခွဲစာရေး၊ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။
၁၃၆။ ဦးမျိုးသန့် လုပ်သား၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး (အင်းစိန်)၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။
၁၃၇။ ဒေါ်လှလှဝေ လုပ်သား၊ အမှတ်(၃) ပရိဘောဂစက်ရုံ၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

ရဲသူရတံဆိပ်

၁။ သန့်ဇင်ဦး (မ–၁၇၇၃၇)၊ မီးသတ်တပ်သား (သေဆုံး) မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

ရဲသူရိန်တံဆိပ်

၁။ ဦးစဲနေ ဥယျာဉ်ခြံလုပ်ငန်း၊ နတ်ချောင်းကျေးရွာ၊ ခနော်ကျေးရွာအုပ်စု၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်း။
၂။ ဦးစန်းမောင် လက်သမားလုပ်ငန်း၊ နတ်ချောင်းကျေးရွာ၊ ခနော်ကျေးရွာအုပ်စု၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်း။
၃။ ဦးဂျီဘရား ကျပန်း၊ နတ်ချောင်းကျေးရွာ၊ ခနော်ကျေးရွာအုပ်စု၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်း။
၄။ ဦးဂျောစိန် လယ်လုပ်၊ နတ်ချောင်းကျေးရွာ၊ ခနော်ကျေးရွာအုပ်စု၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်း။

အမိန့်အရ

(ပုံ)

သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း(ရန်ကုန်)၏ (၄၅)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီက ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် အနီးရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သဖြင့် အသက်(၇၅)နှစ်အထက် အသင်းဝင် သက်ကြီး ဘိုးဘွားများစာရင်းနှင့် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းသူ အသင်းသားများ၏ သားသမီးများ စာရင်း၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဇန်နဝါရီ၁၄ ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဒေါက်တာလှမောင် ဖုန်း-၅၃၇၅၀၇၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင် ဖုန်း-၅၂၆၇၃၅၊ ဦးမြင့်ဆွေ ဖုန်း-၂၅၆၀၃၇၊ ဦးတင်မောင်ဦး ဖုန်း-၅၉၁၅၂၆၊ ၅၀၁၀၅၁ နှင့် ဦးသန်းစိုး ဖုန်း-၃၈၂၇၈၇၊ ၅၃၄၇၃၆(ညွှန်ကြားရေးမှူး ပင်စင်ဦးစီးဌာန)တို့သို့ ဆက်သွယ်လှူဒါန်းကြရန်နှင့် အသင်းသူ အသင်းသားများ၊ ရန်ကုန်ရောက် မင်းလှမြို့နယ်သူ မြို့နယ်သားများ (အသင်းဝင်ပြီးဖြစ်စေ၊ မဝင်ရသေးသူဖြစ်စေ) မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို လှိုင်မြို့နယ်၌ ဇန်နဝါရီ၄ ရက်က ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေစန်း ဖတ်ကြားစဉ်။

(က-ပ)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို သန်လျင်မြို့နယ် သီဟဒီပအားကစားခန်းမ၌ ဇန်နဝါရီ၄ ရက်က ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဌေး ဖတ်ကြားစဉ်။

(ခရိုင် ပြန်/ဆက်)

မဂ္ဂါဝပ် ၂၅၀ ထုတ်လုပ်နိုင်သော ရေအားလျှပ်စစ်စက်နှစ်လုံး တပ်ဆင်ပြီး ဓာတ်အားဖြန့်ဖြူးပေးမည်ဖြစ်၍ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာမည်

❐ *ကျော့ဖုံးမှ*

လှိုင်းချောင်း ရေလှောင်တမံ စီမံကိန်းကို စစ်ကိုင်းတိုင်း ပုလဲမြို့နယ် နွယ်အင်းကျေးရွာအနီးတွင် တည်ဆောက်အကောင်အထည်ဖော်ခဲ့ရာ မြန်မာ့အလင်း သတင်းအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက်က လှိုင်းချောင်းရေလှောင်တမံသို့ သွားရောက်လေ့လာခဲ့ကြသည်။

စစ်ကိုင်းတိုင်း မုံရွာခရိုင် အနောက်ဘက်ခြမ်း လေးမြို့နယ်ဖြစ်သော ကနီ၊ ဆားလင်းကြီး၊ ယင်းမာပင်၊ ပုလဲတို့ရှိရာတွင် ပုလဲမြို့နယ်သည် တည်ဆောက်ပြီး မြောက်ယမားရေလှောင်တမံသည် ဧက ၁၂၀၀၀ ဆည်ရေသောက်အနေဖြင့် စိုက်ပျိုးမှုရှိသည်။ ထပ်မံ တည်ဆောက်ခဲ့သော လှိုင်းချောင်းရေလှောင်တမံမှ ဧက ၁၀၀၀၀ ဆည်ရေသောက်တော့မည်ဖြစ်သည်။

ပုလဲမြို့နယ်တွင် တည်ဆောက်ဆဲဖြစ်သော မြောက်ယမား ရေကူ ရေလှောင်တမံသည် ဧက ၅၀၀၀ တိုးချဲ့စိုက်ပျိုးမည်ဖြစ်သည်။ ပုလဲမြို့နယ်အနေနှင့် စိုက်ပျိုးမည့် စပါးဧကနှင့် လူဦးရေအရ အချိုးအားဖြင့် ၉၈ ရာခိုင်နှုန်းလောက် ဆန်ဖူလုံမှုရှိသည်။ လှိုင်းချောင်းနှင့် ယမားရေလှောင်တမံပြီးလျှင် ပုလဲမြို့နယ်သည် ဆန်ဖူလုံမှု ရာခိုင်နှုန်းပြည့်အဆင့်ရှိသည်။

မိုးရေချိန်

ချင်းတွင်းမြစ် အနောက်ဘက်ကမ်းတွင်ရှိသော ဆားလင်းကြီး၊ ယင်းမာပင်၊ ပုလဲ သုံးမြို့နယ် မိုးရေချိန်၏အခြေအနေမှာ ပုလဲမြို့နယ်သည် ပုံတောင်ခြေယောနယ်အခြေပြု စီးဆင်းလာသောရေများ အခြေအနေကြောင့်လည်းကောင်း၊ တောရိပ်တောင်ရိပ်အခြေပြုသော အခြေအနေအရလည်းကောင်း ပုလဲမြို့နယ်သည် မိုးရေချိန် အခြေအနေကောင်းသည်။

ထို့ကြောင့် ပုလဲမြို့နယ်သည် ဆည်ရေကြောင့်လည်းကောင်း၊ မိုးရွာသွန်းမှုကြောင့်လည်းကောင်း မိုးကောင်းသောက်ဒေသများသည်လည်း စိုက်ပျိုးနိုင်သောဧကများရှိသည့်အတွက် ဝမ်းစာဖူလုံမှုရှိသည်။ ပုလဲမြို့နယ်နှင့် ယင်းမာပင်

"မိုးစပါး စိုက်ပျိုး ပြီးစီးမှု သတ်မှတ် ရာခိုင်နှုန်းပြည့်ဝ ပြီးစီးလျက်ရှိ"

မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်အေး

ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်)

မြို့နယ်အစပ်နယ်မြေတွင်ရှိပြီး မြေပြန့်လွင်ပြင်ဖြစ်သော်လည်း လှိုင်းချောင်းနှင့် ယမားတမံတည်ဆောက်သော ဧရိယာများသည် မရေရာသော ဧရိယာများဖြစ်သည်။ မရေရာသော ဧရိယာဖြစ်သည့်အတွက် ပြန့်ပြူးသောနေရာများ၌ စပါးစိုက်သလို မပြန့်ပြူးသောနေရာများတွင် မိုးမှာလည်း မိုးသီးနှံ၊ ဆောင်းမှာလည်း ဆောင်းသီးနှံ၊ နှမ်း၊ နေကြာ၊ ပဲ၊ ပြောင်းများ စိုက်ပျိုးကြသည်။ ပုလဲမြို့နယ်တွင် သုံးသီး စိုက်ပျိုးလျက်ရှိနေခြင်းကြောင့် ဒေသဖွံ့ဖြိုးရေး ဖြစ်လာတော့မည်ဖြစ်သည်။ မြောက်ယမား ရေကူရေလှောင်တမံ တည်ဆောက်ခြင်းသည် ဆည်ရေပေးရန်အပြင် မဂ္ဂါဝပ် ၂၅၀ ထုတ်လုပ်နိုင်သော ရေအားလျှပ်စစ် စက်နှစ်လုံး တပ်ဆင်မည်ဖြစ်သည်။ ပုလဲမြို့နယ်ဒေသများသို့ ရေအားလျှပ်စစ် ဖြန့်ဖြူးပေးသွားမှာဖြစ်ခြင်းကြောင့် လယ်ယာနှင့်ဆက်စပ်သည့်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများလည်း တိုးတက်လာတော့မှာဖြစ်သည့်အတွက် ဒေသအတွက် ပိုမိုတိုးတက်လာတော့မည်ဖြစ်ကြောင်းဖြင့် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရီက မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။

မြေသားတမံ

လှိုင်းချောင်းရေလှောင်တမံမှာ ရေဆင်းဧရိယာ ၁၅ စတုရန်းမိုင်ရှိပြီး နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၃၇ ဒသမ ၈၅ လက်မရှိသောကြောင့် မြေသား ရေလှောင်တမံတစ်ခု တည်ဆောက်၍ လယ်မြေဧရိယာ ဧက ၁၀၀၀၀ ခန့် ဆည်ရေပေးနိုင်ရန် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စိုက်ရေး ပျိုးရေးအတွက် အဓိကလိုအပ်ချက်မှာ ရေဖြစ်သည့်အလျောက် ဆည်မြောင်းအနေဖြင့် စိုက်သောသီးနှံအားလုံးအတွက် ရေမပေးနိုင်သော်လည်း ကောင်းကင်မှရသောရေကို ဒေသအလိုက်ရယူထားရန် လိုအပ်သည်ဖြစ်ရာ

ပုလဲမြို့နယ်တွင် ရာနှုန်းပြည့် စားနပ်ရိက္ခာ ဖူလုံရေးအတွက် လှိုင်းချောင်း ရေလှောင် တမံမှ အကျိုး ပြုနိုင်ကြောင်း လက်ထောက် ညွှန်ကြား ရေး မှူး ဦးရီက မြန်မာ့အလင်းသို့ ရှင်းပြစဉ်။

ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

မှတ်သုံးဝင်နေချိန်တွင် လေ့လာ၍ စိုက်ပျိုးရန်လိုအပ်သည့်အလျောက် ရာသီဥတု အခြေအနေသုံးသပ်၍ စိုက်ကြရသည်။

ပုလဲမြို့နယ်တွင် ၂၀၀၆-၂၀၀၇ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးပြီးစီးမှုနှင့် ပတ်သက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်အေးအား တွေ့ဆုံမေးမြန်းရာတွင် ၂၀၀၆ ခုနှစ်အတွက် နွေစပါးဧက ၁၅၀၀၊ ပဲစုစုပေါင်း ၅၄၅၁၅ ဧက၊ ဆီထွက်သီးနှံ ၂၆၇၄၇ ဧက၊ စားဖိုဆောင်သီးနှံ ဧက ၁၆၀၊ အခြား နှံစားသီးနှံ ဧက ၁၃၃၀၀၊ ချည်မျှင်ရှည်ဝါ ၁၄၁၅ ဧက လျာထားဆောင်ရွက်နေကြောင်းနှင့် နွေစပါးမှာ ရေမရသေး၍ မစိုက်ပျိုးနိုင်သော်လည်း ပဲမျိုးစုံ စုစုပေါင်း ၅၃၂၉၇ ဧက၊ ဆီထွက်သီးနှံ ၈၆၈၆၄ ဧက၊ စားဖိုဆောင်သီးနှံ ၂၉ ဧက၊ အခြားသီးနှံ ဧက ၁၂၃၄၀၊ အခြား နှံစားသီးနှံ ၉၅၃၁ ဧက၊ ချည်မျှင်ရှည်ဝါ ၁၄၁၅ ဧက စိုက်ပျိုးပြီးစီးကြောင်း၊ မိုးစပါးစိုက်ပျိုးပြီးစီးမှု ဧက ၄၅၈၆၀ စိုက်ပျိုးပြီးစီးနေ၍ သတ်မှတ်ရာခိုင်နှုန်း ၁၀၇ ဒသမ ၈၂ ပြီးစီးကြောင်း သိရသည်။

လှိုင်းချောင်း ရေလှောင်တမံစီမံကိန်း တည်ဆောက်နေသော ဒေသတွင်းရှိ ဒေသခံကျေးရွာလူထုအား တွေ့ဆုံမေးမြန်းခဲ့ရာတွင် နွယ်အင်းကျေးရွာတောင်သူကြီး ဦးစိုးသိန်းက "မိမိတို့ဒေသတွင် ဆည်တည်ဆောက်ပေးသည့်အတွက် တစ်ချိန်က လမ်းပန်းဆက်သွယ်မှု အင်မတန်ခက်ခဲရာမှ တမံအတွက် လမ်းဖောက်ထားသည့်အတွက် လှည်းသာမက ကားပါ ဝင်ထွက်သွားလာနိုင်၍ အထူးဝမ်းသာကြောင်း၊ မိုးခေါင်ရေရှားဒေသဖြစ်၍ ဆည်တည်ဆောက်ပေးခြင်းကြောင့် သီးနှံများ ပိုမိုစိုက်ပျိုးနိုင်မည်ဟု ယုံကြည်ကြောင်း၊ ဒေသထွက်သီးနှံများကို ယခင်က လမ်းပန်းအခက်အခဲကြောင့် ရောင်းချမှုအဆင်မပြေရှိခဲ့ရာမှ ယခုအခါ ကားလမ်းပေါက်သဖြင့် လာရောက်ဝယ်ယူသူရော၊ မိမိတို့ တောင်သူများပါ ရောင်းချမှု လွယ်ကူသဖြင့် ဈေးကောင်းရပြီး ပို၍အဆင်ပြေကြောင်း"ဖြင့် ပြောကြားသည်။

"အဝေးသင်တက္ကသိုလ် တက်နေတဲ့ ကျွန်မအနေနဲ့ ရွှံ့ဗွက်ထဲ ရုန်းသွားစရာမလိုဘဲ ကားနှင့်သွားရတာကြောင့် ပညာသင်ကြားရတာ လွယ်ကူသွားပါတယ်"

မသွယ်သွယ်ဝင်း (အဝေးသင်တက္ကသိုလ်ပထမနှစ် ပထဝီဝင်ကျောင်းသူ)

ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်)

ထို့နောက် ပျော်ဘွယ်ကျင်းမြောက်ရွာမှ တောင်သူကြီး ဦးတင်ငွေအား တွေ့ဆုံမေးမြန်းရာတွင် "ဆည်တည်ဆောက်သည့်အတွက် ယခင်က မိုးပေါ်မှကျသောရေကို သုံးနေကြရသောကြောင့် စိုက်ပျိုးမှုမှာ ကောင်းကင်ကျ မိုးရေပေါ်မူတည်သုံးရသဖြင့် အောင်သည့်အခါမှ အောင်ကြောင်း၊ ယခု ဆည်တည်ဆောက်၍ ရေသွင်းစိုက်လျှင် စပါးရော ကိုင်းသီးနှံများ စိုက်ပျိုးမှု အောင်မြင်မည်ဟု

ဝမ်းသာ

"မိမိတို့ ဒေသမှာ ဆည်ဆောက်ပေးမယ်လို့ မမျှော်လင့်ဘဲ လာရောက် တည်ဆောက်တာမို့ ဝမ်းသာတာပေါ့"

တောင်သူကြီး ဦးတင်ငွေ

ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်)

ယုံကြည်ကြောင်း၊ လူနေမှုအဆင်ပြေပြီး စားသုံးမှုဖူလုံတော့မည်ဟု ခံယူမိပါကြောင်း၊ မိမိတို့ ဒီဒေသမှာ ဆည်ကြီးလာဆောက်မယ်လို့ မျှော်လင့်မထားဘဲ လာရောက်တည်ဆောက်ပေးတဲ့အတွက် ဝမ်းသာကြောင်း၊ မိမိတို့ဒေသတွင် ယခင်က မိုးနည်းပါးတာကြောင့် လယ်ယာစိုက်ပျိုးမှု အားမထားရသော်လည်း ဆည်တည်ဆောက်ပြီး ရေရတော့မည်ဖြစ်သောကြောင့် လယ်ယာစပါး စိုက်ပျိုးနိုင်တော့မည်ဖြစ်၍ ဝမ်းသာကြောင်း၊ ဆည်မှရေထုတ်ပြီး ရေအားလျှပ်စစ်ပေးမည်ဆိုတာ သိရတဲ့အတွက် ရေလည်းရ၊ မီးလည်းရ၊ အစားအစာတွေလည်း ပြည့်ဝပြီး မမျှော်မှန်းတဲ့ အခွင့်အရေးတစ်ရပ်ရလိုက်တယ်ဟု ဝမ်းသာဂုဏ်ယူပါကြောင်း" ပြောကြားသည်။

ဈေးကောင်းရ

"လမ်းပန်းဆက်သွယ်မှု ကောင်းလာတာကြောင့် တောင်သူများ ဈေးကောင်းရရှိပါတယ်"

တောင်သူကြီး ဦးစိုးသိန်း

ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်)

ထို့အပြင် ပျော်ဘွယ်ကျင်းကျေးရွာမှ အဝေးသင်တက္ကသိုလ်ပထမနှစ် ပထဝီဝင်တက်နေသော ကျောင်းသူ မသွယ်သွယ်ဝင်းအား တွေ့ဆုံမေးမြန်းခဲ့ရာ "မုံရွာတွင် အဆောင်ငှား၍ သင်ကြားရကြောင်း၊ မုံရွာသို့ မိမိတို့ ရွာမှနေပြီး ကျောင်းတက်ရာ၌ လမ်းဖောက်ထားခြင်းမရှိသောကြောင့် ရွှံ့ဗွက်များဖြတ်၍ ကားလမ်းရောက်အောင်သွားကြရာမှ ယခုအခါ ဆည်ကြီးလာရောက် တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းကြောင့် ကားများသွားလာနိုင်ပြီး သွားလာရေး များစွာ အဆင်ပြေသွားကြောင်း"ဖြင့် မြန်မာ့အလင်းသို့ပြောကြားသည်။ ။ **(မြန်မာ့အလင်း)**

✡ **ရွှေဖုံးမှ**

ပါဝင်ဆောင်ရွက်

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ရွှေကျင်မြို့နယ်သည် မိုးစပါးနှင့်ပဲကို လျာထားချက်ထက်ကျော်လွန်အောင် စိုက်ပျိုးဆောင်ရွက်နိုင်ပြီး ဆန်နှင့်ဆီ ဖူလုံမှုရှိသည်ကို တွေ့ရကြောင်း၊ ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ အထွက်နှုန်းကို ယခုထက် ပိုမို ကောင်းမွန်အောင်ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း၊ ရွှေကျင်မြို့နယ်သည်ရော်ဘာစိုက်ပျိုးဖြစ်ထွန်းသည့်ဒေသ ဖြစ်ရာ သတ်မှတ်စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးရန်နှင့် ဌာနဆိုင်ရာအပြင် တောင်သူများ၊ပုဂ္ဂလိက လုပ်ငန်းရှင်များကပါ ပိုမိုစိုက်ပျိုးနိုင်စေရန် တာဝန်ရှိသူများက စိုက်ပျိုးမြေ၊ မျိုးကောင်းမျိုးသန့်နှင့် နည်းပညာများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ဒေသကြက်များကို အိမ်တွင်းမွေးမြူခြင်းဖြင့် မိသားစု အပိုဝင်ငွေရရှိပြီး စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့်လည်း နိုင်ငံတော်က ချမှတ်ပေးသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် မိမိ၏ ဝန်ကြီးဌာန လုပ်ငန်းများအပြင် နိုင်ငံတော်က ချမှတ်ပေးထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက်ပါ ဒေသခံများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့်ပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့ဝင်များသည် ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးဝမ်ကြည်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများကို ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စီမံကိန်းလုပ်ငန်းများ စံချိန်စံညွှန်းမှန်ကန်စွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ဆွေးနွေးမှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ရှုရပ်မှလည်းကောင်း၊ မော်တော်ယာဉ်များဖြင့် လုပ်ငန်းခွင်အတွင်းသို့ လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကို ရွှေကျင်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်အကွာ ကျောက်နဂါးကျေးရွာအနီး ရွှေကျင်ချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည်။ တမံအလျားမှာ ပေ ၃၆၀၀၊ တမံအမြင့်မှာ ပေ ၄၀ ရှိ၍ လျှပ်စစ်ဓာတ်အား၇၅မဂ္ဂါဝပ် ထုတ်ယူနိုင်မည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့သည် ရွှေကျင်မြို့ နယ်မြေခံတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအားတွေ့ဆုံ၍ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းက မိသားစုဝင်ငွေတိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ တာဝန်ရှိသူ အဆင့်ဆင့်က မိသားစုဝင်များ၏ သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများကို စီမံဆောင်ရွက်ပေးရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများနှင့် လက်တွဲဆောင်ရွက်ရေးတို့ နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းလုပ်ငန်း အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ရဲနွယ် ရေအားလျှပ်စစ်စက်ရုံ၌ ၂၅မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့်စက်နှစ်လုံးရှိသည့်အနက် စက်တစ်လုံးမှာ ဓာတ်အားစတင်ထုတ်လုပ်နေပြီး မကြာမီ လုပ်ငန်းအားလုံး ပြီးစီးကာ စက်ရုံကို ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

ဖြည့်စွက်တင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)မှ ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ရဲနွယ်ရေလှောင်တမံပြီးစီးမှု၊ ရေသောက်ဧရိယာ ဧက ၁၁၈၅၀၀ သို့ ရေပေးဝေနိုင်ရေးအတွက် ရေလွှဲဆည်တည်ဆောက်ရန် ဆောင်ရွက် ထားမှုအခြေအနေများကိုလည်းကောင်း၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးဝမ်ကြည်က ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်တို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စီမံကိန်းလျာထားချက်အတိုင်း အချိန်မီပြီးစီးရန်နှင့် စံချိန်စံညွှန်းများ ပြည့်မီအောင် ဆောင်ရွက်ကြရန်၊ တာဝန်ရှိသူအဆင့်ဆင့်က ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြရန် စိုက်ပျိုးရေပေးဝေရေး၊ သတ်မှတ်ချိန်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးနိုင်ရေးတို့ကို ဆွေးနွေးမှာကြားကာ ရှုရပ်မှနေ၍ လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

အကျိုးပြု

အဆိုပါ စီမံကိန်းပြီးစီးပါက ဆည်ရေသောက်ဧရိယာ ဧက ၁၁၈၅၀၀ကို အကျိုးပြုနိုင်ပြီး ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုနိုင်မည့်အပြင် ရေအားလျှပ်စစ် ၂၅ မဂ္ဂါဝပ်ကိုလည်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ဖြူးမြို့နယ် ညောင်ပင်သာ ကျေးရွာအနီးရှိ ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီး တိုးချဲ့အဆင့်မြှင့်တင်ခြင်း လုပ်ငန်း ဆောင်ရွက်နေသည့် အိုလံပစ်ကုမ္ပဏီလီမိတက် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းဒါရိုက်တာ ဦးရဲမြင့်က ညောင်လေးပင်–ဖေယျဝတီလမ်းအပိုင်းတွင် လမ်းပြုပြင်တိုးချဲ့မှု၊ လမ်းထပ်ပိုးလွှာ အသစ်တင်ခြင်း၊ ကတ္တရာလမ်းကို ကတ္တရာ ရေပိတ်လွှာခင်းခြင်း၊ တံတားများ ပြုပြင်တည်ဆောက်ခြင်းနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

မွမ်းမံပြင်ဆင်

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လမ်းပိုင်းကြံ့ခိုင်မှု အရည်အသွေးကောင်းမွန်ရေးအတွက် မွမ်းမံပြင်ဆင်ဆောင်ရွက်ရေး မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ဖြူးမြို့နယ် ဖြူးချောင်းရေလှောင်တမံဘက်စုံ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ဖြူးချောင်းရေလှောင်တမံဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ လည်းကောင်း၊အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမော်သာထွေးက ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

လုပ်ငန်းခွင်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နိုင်ငံတော်အတွက် များစွာအကျိုးရှိမည့် စီမံကိန်း ဖြစ်၍ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချက်ကာလအတိုင်း ပြီးစီးရေး၊ သတ်မှတ်ချိန်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး ရှုရပ်မှ ဖြူးချောင်းရေလှောင်တမံ ဘက်စုံလုပ်ငန်းခွင်ကို ကြည့်ရှုသည်။

ပဲခူးတိုင်း ဖြူးမြို့နယ် ဖြူးချောင်းပေါ်၌ တည်ဆောက်ထားသော ဖြူးချောင်းရေလှောင်တမံ၏ အလျားမှာ ပေ ၁၀၂၀၊ တမံအမြင့်မှာ ၂၄၅ ပေ၊ ရေလှောင်ပမာဏမှာ ၆၃၂၅ ဧကပေ၊ ဆည်ရေသောက် ဧရိယာမှာ ဧကတစ်သိန်းဖြစ်ပြီး ရေအားလျှပ်စစ် ၄၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီးအဆင့် တိုးချဲ့ဖောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေသည့် ကမ္ဘောဇ ပတ်ဖိုက်ဒါအင်ဒပ်စရီလီမိတက် ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး စီမံကိန်းဒါရိုက်တာဦးမိုးဆန်းအောင်က ဖေယျာဝတီ–ရေတာရှည် (မိုင်တိုင် ၁၄၆/၀ မှ ၁၉၄/၀ အထိ) လမ်းပိုင်းကို နိုင်လွန်ကတ္တရာခင်းခြင်း၊ ၂၄ ပေချဲ့ခြင်းနှင့် ထပ်ပိုးလွှာတင်ခြင်း၊ လက်ရှိလမ်းသားကို ထပ်ပိုးလွှာခင်းခြင်း၊ တံတားများ ပြုပြင်တည်ဆောက်ခြင်း၊ မိုးတွင်းကာလ ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

စံချိန်စံညွှန်း

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဖြစ်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး၊ မွမ်းမံပြုပြင်ထိန်းသိမ်းရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီးဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယဉ်ကျေးလိမ္မာ ကလေးအထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မြန်မာသိရီလင်္ကာ ရာမကျောင်းတိုက်၌ ဓမ္မဒူတအရှင်ဆေကိန္ဒသည် ဇန်နဝါရီ ၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် တနင်္ဂနွေ ယဉ်ကျေးမှုသင်တန်းကျောင်း ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ကလေးသူငယ်များအား ယဉ်ကျေးလိမ္မာတရား ဟောကြားမည်ဖြစ်သည်။ **(က–ပ)**

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရေး ချိပ်ပိတ်တင်ဒါဖိတ်ခေါ်

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းမှ သာသနိကအဆောက်အအုံများ ဖြစ်ကြသည့် သုံးထပ်ဓမ္မာရုံ၊ မီးစက်ဆောင်၊ ရေသန့်စင်ခန်း၊ သိုလှောင်ရုံ၊ ဓမ္မာရုံ၊ ကိုးဆူတန်ဆောင်း၊ စက်တော်ရာတန်ဆောင်း၊ ပန်းဆိုင်းနှစ်ဆိုင်၊ ထီး၊ ဖိနပ်အပ်နှံရန်နေရာ၊ ဂေါပကရုံး ပြန်လည်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ရေးအတွက် ဇန်နဝါရီ၆ ရက်မှ ၁၁ ရက်အထိ ရုံးချိန်အတွင်း ချိပ်ပိတ်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ထားသည်။

အသေးစိတ် သိရှိလိုပါက ရွှေဘုန်းပွင့်စေတီတော် ဂေါပကရုံး ဖုန်း–၂၉၀၄၂၅ သို့ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းသားဟောင်းများ သတ္တမအကြိမ်အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ယဉ်ကျေးမှုတက္ကသိုလ် (၁၉၉၃–၂၀၀၇)ခုနှစ် ကျောင်းသားကျောင်းသူဟောင်းများ၏သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဆရာဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူးကျင်းပသည့် အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြား နာတာရှည် လူနာများနှင့် မိသားစုများအတွက် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်သည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက အဖွင့်အမှာစကားပြောကြားပြီး စေတနာရှင်အလှူရှင်များ လှူဒါန်းကြသည့် ငွေကျပ် ၉၅၀၀၀၀ ကို လက်ခံသည်။

ထို့နောက် ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးမှူး ဒေါက်တာလှမြင့်က ပြည်သူလူထုအခြေပြု စောင့်ရှောက်မှုပေး ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၈၇) ရပ်ကွက်သို့ သွားရောက်၍ နာတာရှည်ရောဂါဝေဒနာရှင်များအား လိုက်လံအားပေးစကားပြောကြားကြပြီး ဆေးဝါးများ၊ အစားအစာများ၊ ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

အထက(၁)မင်္ဂလာဒုံ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

မင်္ဂလာဒုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၁၉၅–၁၉၈၆ခုနှစ်မှ ၂၀၀၅–၂၀၀၆ ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၇ရက် နံနက်၉နာရီတွင် အဆိုပါကျောင်း မြရောခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ကျောင်း ရုံးဖုန်း–၀၁–၆၃၅၀၇၅၊ ဒေါ်ယဉ်ယဉ်လတ် ဖုန်း–၀၁–၆၃၆၃၄၂နှင့် ဒေါ်မာမာဆွေ ဖုန်း–၀၉–၅၁–၁၇၄၉၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာစရိယ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

စိန့်မေရီဒိုင်အိုစီဇင် မိန်းကလေးအထက်တန်းကျောင်း၏ (၃၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ၂၀ ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ဟိုလီထရစ်နာတီဘုရားရှိခိုးကျောင်းဝင်းရှိ ပဲရစ်ဟောခန်းမ၌ ကျောင်းသူဟောင်းများက ဆရာမကြီးများအား (၃၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆–၁–၂၀၀၇ (စနေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ဆရာ့အမွေတရားတော် (အရှင်ဆေကိန္ဒ)
၇:၅၅	တစ်ပတ်အတွင်း အားကစားသတင်း
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	ထူးခြားသွင်ပြင် သတ္တပန်းပုရုပ်သွင်
၈:၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၀၀	Language Lab (အထက–၁၊ ဒဂုံ)
၉:၃၀	မိုးလေဝသခန့်မှန်းချက်
၉:၃၅	ကလေးတို့အတွက်လက်ဆောင် (မီးပုံးပြုလုပ်နည်းနှစ်မျိုး)
၉:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀	ဖန်ချက်စက်ရုံ(သန်လျင်)
၁၀:၁၅	ပည်တွင်းသတင်းအကျဉ်း
၁၀:၂၅	MRTV -4 ကျန်းမာရေးကဏ္ဍ [ဒေါက်တာဦးစိုးလွင် (သားဖွား မီးယပ်အထူးကု)နှင့် တွေ့ဆုံခြင်း] **မိခင်လောင်းတို့ သိကောင်းစရာအဖြာဖြာ (အပိုင်း–၂)**
၁၁:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅	ကျွန်းမျောပေါ်က ခရမ်းချဉ်သီး
၁၁:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၁:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅	စိတ်ဝင်စားဖွယ်ရာ မျက်လှည့်ပညာ
၁၂:၂၀	တေးဂီတအစီအစဉ်
၁၂:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၂:၃၅	နိုင်ငံတကာအနုပညာရေးရာ

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီ အထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီ အထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အက်ဖ်အေဖလား ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၆:၅၅	Tamworth – Norwich	5-Sports(Live)
၉:၂၅	Nottingham Forest – Charlton	5-Series(Live)
	Birmingham – Newcastle	5-Sports(Live)
၁၁:၄၀	Liverpool – Arsenal	5-Sports(Live)

မြန်မာ့ရုပ်မြင်သံကြား

၆–၁–၂၀၀၇ ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးတော်ရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တ သာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၆။	အတီးပြိုင်ပွဲ
၈:၁၅	၇။	ဝမ်ပုံရေလှောင်တမံ
၈:၁၀	၈။	အကပြိုင်ပွဲ
၈:၂၀	၉။	တေးဂီတအစီအစဉ်
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Grammar made Easy

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ပြည်တွင်းသတင်း
၁၁:၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅	၅။	တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၃:၀၅	၆။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၃:၀၅	၇။	**"နှစ်မြှာနတ်မိမယ်"** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ–အောင်ကျော်ကျော်)
၁၃:၃၀	၈။	ကျေးပင်အက်ရေလှောင်တမံ
၁၃:၄၀	၉။	အတီးပြိုင်ပွဲ
၁၃:၅၅	၁၀။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၁၀	၁၁။	အဆိုပြိုင်ပွဲ
၁၄:၂၀	၁၂။	**"အန္တရာယ်ကင်းစေ ဘေးရှင်းစေ"** လူမင်း၊ ဟန်နီထွန်း (ဒါရိုက်တာ–သက်တင်)
၁၄:၃၅	၁၃။	ပမ္မဝတီတံတား
၁၄:၄၅	၁၄။	International News
၁၅:၀၀	၁၅။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (အင်္ဂလိပ်စာအထူးပြု) [အင်္ဂလိပ်စာ]
၁၆:၅၅	၅။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၁၇:၁၀	၆။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၇:၃၀	၇။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈:၀၀	၈။	ညနေခင်းသတင်း
၁၈:၃၀	၉။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၀။	အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၀၀	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ကြယ်ကြွေရင်ခုန်သံ"** (အပိုင်း–၉)
၁၉:၄၅	၁၂။	အချုပ်အခြာအာဏာ ဓွန့်ရှည်ကြာ ခိုင်မာစေမှုဖို့ရှေးရှု **"စက်မှုအားနှင့်အညီ ရွှေနိုင်ငံသစ်တည်"**
၂၀:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"လှပသောနေ့ရက်များ"** (အပိုင်း–၁၃)

ကမ္ဘာတစ်လွှား အားကစား

ဗန်ပါစီ အကောင်းဆုံးဘောလုံးသမားဖြစ်လာနိုင် အာဆင်နယ်အသင်းခေါင်းဆောင် အွန်နရီ ချီးကျူးစကားဆို

စုစည်းတင်ပြသူ – မြင့်မောင်စိုး

လန်ဒန် ဇန်နဝါရီ ၅

ဗန်ပါစီသည် ပရီမီယာလိဂ်တွင် အကောင်းဆုံး ဘောလုံးသမားများထဲမှ တစ်ဦးဖြစ်လာနိုင်မည်ဟု ယုံကြည်ကြောင်း အာဆင်နယ်အသင်းခေါင်းဆောင် အွန်နရီက ပြောကြားလိုက်သည်။



ဗန်ပါစီအား အွန်နရီက ဤသို့ချီးကျူးအားပေးခဲ့သည်။
(ဓာတ်ပုံ–အင်တာနက်)

ဂိုးသွင်း

အွန်နရီသည် ဒဏ်ရာကြောင့် ငါးပတ်ကြာ အနားယူပြီးနောက် ပြန်လည်ကစားပြီဖြစ်ရာ ချာလ်တန်အသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိရာတွင် ပါဝင်ကစားခဲ့သည်။ ယင်းပွဲတွင် ဗန်ပါစီသည် ပယ်နယ်တီတစ်ဂိုး အပါအဝင် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ချီးကျူး

ဗန်ပါစီသည် အာဆင်နယ်အတွက် အဆုံးအဖြတ်ဂိုးများကိုလည်း သွင်းပေးနိုင်သူဖြစ်ကြောင်း၊ ၎င်းသည် ပရီမီယာလိဂ်တွင် အရည်အချင်းပြည့်ဝသည့် ဘောလုံးသမားတစ်ဦးဖြစ်ကြောင်း၊ ထို့အပြင် လေ့ကျင့်မှုများသဖြင့် အတွေ့အကြုံရင့်ကျက်သူဖြစ်ကြောင်း အွန်နရီက ချီးကျူးစကားဆိုသည်။

ယင်းပွဲတွင် အွန်နရီသည် ပယ်နယ်တီမှ အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သလို ဗန်ပါစီသည်လည်း အာဆင်နယ်၏ တတိယမြောက်ဂိုးကို ပယ်နယ်တီဖြင့် သွင်းယူပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

ဒေးဗစ်ဘက်ခမ်းနှင့် ရီးရဲမက်ဒရစ် စာချုပ်သစ်ချုပ်ဆိုရေး ဆွေးနွေးကြမည်

ရီးရဲမက်ဒရစ်နှင့် စာချုပ်ရေးဆွေးနွေးမည့် ဘက်ခမ်း။
(ဓာတ်ပုံ–အင်တာနက်)

လန်ဒန် ဇန်နဝါရီ ၅

ဒေးဗစ်ဘက်ခမ်းသည် ရီးရဲမက်ဒရစ်အသင်းနှင့် နှစ်နှစ်စာချုပ်သစ် ချုပ်ဆိုနိုင်ရေးအတွက် လာမည့် သီတင်းပတ်တွင် ဆွေးနွေးညှိနှိုင်းမည်ဖြစ်ကြောင်း ၎င်း၏အေးဂျင့်က ပြောကြားသည်။

ထူးခြားချက်

အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဘက်ခမ်းနှင့် ရီးရဲမက်ဒရစ်တို့သည် ဖွန်လက စာချုပ်သစ်ချုပ်ဆိုရေးအတွက် အဆင်မပြေဖြစ်ခဲ့ရာမှ ယခုတစ်ဖန် စာချုပ်သစ်ချုပ်ဆိုရန်အကြောင်း ဖြစ်လာရသည်။ ယင်းစာချုပ်သည် ရီးရဲမက်ဒရစ်တွင် ထူးခြားချက်ရှိသည့် စာချုပ်ဖြစ်လာကြောင်းလည်း ဘက်ခမ်း၏ ပြောရေးဆိုခွင့်ရှိသူ ဆီမွန်အလီဗီယာရာ ပြောကြားသည်။

အသက် ၃၁ နှစ်ရှိ ဘက်ခမ်းအား အင်္ဂလန်၊ စပိန်၊ ပြင်သစ်နှင့် အီတလီကလပ်များက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း၊ သို့သော်လည်း ဘက်ခမ်းသည် ဘာနေဗျူးမှ ထွက်ခွာခွင့်ကြုံလိမ့်မည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

မန်ယူအသင်းအချိန်ကုန်ခံပြီး အမှတ်ပေးဇယား၌ဦးဆောင်နေ ချယ်လ်ဆီးနည်းပြမော်ရင်ဟို မခံချိမခံသာစကားဆို

လန်ဒန် ဇန်နဝါရီ ၅

မန်ချက်စတာယူနိုက်တက်အသင်းသည် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ဖလားမရနိုင်မှန်းသိပါလျက် အချိန်ကုန်ခံ၍ ဦးဆောင်နေခြင်းသာဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက မခံသာအောင် ပြောကြားလိုက်သည်။

ဦးဆောင်

မန်ယူတို့သည် ချယ်လ်ဆီးက အက်စ်တွန်ဗီလာအသင်းကို ဂိုးမရှိသရေကျခဲ့ပြီးနောက် အမှတ်ပေးဇယားတွင် ခြောက်မှတ်အသာဖြင့် ဦးဆောင်လျက်ရှိသည်။

ချယ်လ်ဆီးအသင်းတွင် ပြဿနာ အချို့ရှိနေ၍ မန်ယူတို့ ရမှတ်များ အသာရခဲ့ခြင်းဖြစ်ကြောင်း၊ အမှန်တကယ်မှာ မန်ယူတို့ ချယ်လ်ဆီးထက် ၁၀မှတ်၊ ၁၂မှတ်၊ ၁၄မှတ် အသာရသင့်ကြောင်း၊ ယခုခြောက်မှတ်သာ အသာရ၍ မိမိကျေနပ်မိကြောင်း မော်ရင်ဟိုက ပြောကြားသည်။

မိမိအမြင်ပြောရလျှင် မန်ချက်စတာယူနိုက်တက်အသင်း၏ ဦးဆောင်မှုသည် မထူးဆန်းကြောင်း ၎င်းက ပြောကြားသည်။

ဂျွန်တယ်ရီ

မော်ရင်ဟိုသည် ဂျွန်တယ်ရီ ပြန်ကစားရေး၊ အာဂျင်ရော်ဘင်နှင့် ပီတာဆက်ချ်တို့ ပြန်လာရေးအတွက် ပြင်ဆင်လျက်ရှိသည်။ အသင်းခေါင်းဆောင် တယ်ရီသည် ဇန်နဝါရီ ၁၃ ရက်တွင် ဝီဂန်နှင့်ပွဲ၌ ပါဝင်လာနိုင်သည်။

ခြောက်မှတ်ဖြင့် အသာရရှိခြင်းကို အရေးစိုက်စရာမလိုကြောင်း၊ ယခင်ရာသီများက ၁၁မှတ်၊ ၁၂မှတ် အသာရရှိနေခြင်းကိုပင် ချယ်လ်ဆီးတို့ ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ မန်ချက်စတာယူနိုက်တက်အသင်းသည် ဝက်စ်ဟမ်းကို ရှုံးပြီး နယူးကာဆယ်နှင့် သရေဖြစ်ခဲ့၍ ငါးမှတ်ဆုံးရှုံးသွားကြောင်းဖြင့်လည်း မော်ရင်ဟိုက ထောက်ပြသည်။ **(အင်တာနက်)**

စီရိုနယ်ဒိုအားခေါ်ယူရေး ဘာစီလိုနာ လက်လျှော့ပြီ

ရေးသားတင်ပြသူ မောင်မောင်မြင့်ဆွေ

လန်ဒန် ဇန်နဝါရီ ၅

မန်ယူတိုက်စစ်မှူး စီရိုနယ်ဒိုအား ဘာစီလိုနာကလပ်မှ ခေါ်ယူရန် ကြိုးစားမှုကို လက်လျှော့လိုက်ပြီဖြစ်ကြောင်း စီရိုနယ်ဒိုအေးဂျင့်က ပြောကြားသည်။

မန်ယူအတွက် ဂိုးအများဆုံးသွင်းပေးထားသည့် တိုက်စစ်မှူး စီရိုနယ်ဒို။
(ဓာတ်ပုံ–အင်တာနက်)

အသက် ၂၁နှစ်အရွယ်ရှိ မန်ယူကွင်းလယ်တိုက်စစ်မှူး စီရိုနယ်ဒိုအား စပိန်ကလပ် ဘာစီလိုနာက ပြီးခဲ့သည့်နှစ် ကမ္ဘာ့ဖလားပွဲ မတိုင်မီကပင် ခေါ်ယူရန် ကြိုးစားခဲ့ခြင်းဖြစ်သည်ဟု စီရိုနယ်ဒိုအေးဂျင့်ဖြစ်သူ ဂျော့မင်ဒတ်က ပြောကြားသည်။

လက်လျှော့

ဘာစီလိုနာအနေဖြင့် စီရိုနယ်ဒိုကို ခေါ်ယူရန်ကြိုးစားမှုကို လက်လျှော့လိုက်ပြီဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် မန်ယူကလပ်က စီရိုနယ်ဒိုကို ရောင်းမည်မဟုတ်၍ ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင်ကြေးအများဆုံးပေးလည်း မန်ယူက ရောင်းချမည်မဟုတ်ကြောင်း ၎င်းက ပြောဆိုသည်။

ထို့အပြင် စီရိုနယ်ဒိုသည် မန်ယူတွင် ကစားနေရခြင်းကို ကျေနပ်ပျော်ရွှင်နေပြီ ဖြစ်သကဲ့သို့ မန်ယူအတွက်လည်း အဓိကကစားသမားဖြစ်နေသဖြင့် မည်သို့မျှပြောင်းရွှေ့ကစားမည်မဟုတ်တော့သည်ကို သိနေ၍ဖြစ်ကြောင်း ဘာစီလိုနာကလပ်က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ရိုးမားတိုက်စစ်မှူး မွန်တဲလ်လား ဖူလ်ဟမ်၌ ခြောက်လအငှားကစားမည်



ရိုးမားတိုက်စစ်မှူး မွန်တဲလ်လား။
(ဓာတ်ပုံ–အင်တာနက်)

လန်ဒန် ဇန်နဝါရီ ၅

ရိုးမားတိုက်စစ်မှူး ဗင်းဆင့်ဇိုမွန်တဲလ်လားသည် ဖူလ်ဟမ်သို့ ခြောက်လအငှားစာချုပ်ဖြင့် လာရောက်ကစားရန် အငှားစာချုပ်လိုက်သည်။

ရှစ်နှစ်

အသက်၃၂နှစ်ရှိ အဆိုပါ တိုက်စစ်မှူးသည် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အီတလီအသင်း၌ ပါဝင်ကစားခဲ့သူဖြစ်သည်။ ၎င်းသည် စီးရီးအေတွင် ရှစ်နှစ်ဆက်တိုက် ကစားခဲ့သူလည်းဖြစ်သည်။

လူသိများ

မွန်တဲလ်လားသည် ဂိုးသွင်းပြီး အောင်ပွဲခံသည့်အခါလက်နှစ်ဖက်ကို ဘေးသို့တန်းလျက် ပြေးလွှားအောင်ပွဲခံတတ်ခြင်းကြောင့် လေယာဉ်ပျံဟူ၍လည်း လူသိများကြသည်။ ၎င်းသည် ၁၉၉၉ခုနှစ်က ရိုးမားအသင်းသို့ မရောက်လာမီ အမ်ပိုလီ၊ ဂျီနိုအာနှင့် ဆမ်ဒိုးရီးယားအသင်းတို့တွင်လည်း ကစားခဲ့သူဖြစ်သည်။ ရိုးမားအသင်းက ဖူလ်ဟမ်သို့ ယာယီငှားရမ်းရန် အပြည့်အဝ သဘောတူလိုက်ပြီဖြစ်ကြောင်း ၎င်း၏ဝက်ဘ်ဆိုက်၌ ဖော်ပြသည်။ **(အင်တာနက်)**

ခြေစွမ်းပြခွင့်မရ၍ ဝက်စ်ဟမ်းမှ ထွက်ခွာလို ကွင်းလယ်ကစားသမား မာရှေယာနို ပြောကြား

လန်ဒန် ဇန်နဝါရီ ၅

အာဂျင်တီးနား လက်ရွေးစင်ဘောလုံးသမား မာရှေယာနိုသည် ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာလိုကြောင်း ၎င်းက ပြောကြားလိုက်သည်။

ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာလိုသည့် မာရှေယာနို။
(ဓာတ်ပုံ–အင်တာနက်)

အသက် ၂၂နှစ်ရှိ မာရှေယာနိုသည် ဩဂုတ်၃၁ရက်က ၎င်း၏ကစားဖော် ကားလို့စ်တေဗက်ဇ်နှင့်အတူ အပ်တွန်ပတ်သို့ ရောက်ရှိလာကြသည်။ သို့ရာတွင် အောက်တိုဘာ ၂၂ ရက်က တော့တင်ဟမ်နှင့်ပွဲ၌ ခြောက်မိနစ်သာ ကစားခဲ့ရ၍ အသင်းမှထွက်ခွာလိုကြောင်း အဆိုပါ ကွင်းလယ်ကစားသမားက ပြောကြားလိုက်သည်။

အခွင့်အရေး

မိမိအနေဖြင့် ဝက်စ်ဟမ်းတွင် မကစားရလျှင် မနေလိုတော့ကြောင်း၊ အင်္ဂလန်ကို လာရောက်ခြင်းမှာ အကောင်းဆုံးကစားပြသွားရန်ဖြစ်ကြောင်း၊ သို့ရာတွင် ခြေစွမ်းပြရန် လုံလောက်သည့် အခွင့်အရေးမရခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထိုအတောအတွင်း မာရှေယာနိုအား လီဗာပူးနှင့် စပိန်ကလပ် ရီးရဲဇာရာဂိုဇာတို့ကလည်း အဆက်အသွယ်ပြုလုပ်ခဲ့ကြသည်။ **(အင်တာနက်)**

❒ ရှေ့စာမှ

ပြည်သူများအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပါးအပ်ပါကြောင်း၊ တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးအလားအလာများကြောင့် မြန်မာပြည်သူများဆက်လက်အောင်မြင်မှုများရရှိစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ဗီယက်နမ်သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်ဆံမှုများသည် နှစ်နိုင်ငံပြည်သူများအကြား ငြိမ်းချမ်းရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဆက်လက်တိုးတက်နေမည်ဖြစ်ကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းထံသို့လည်း ဗီယက်နမ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်ကန်ဇွန်းက လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဗီယက်နမ်အစိုးရနှင့် ပြည်သူများအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ မကြာသေးသည့်ကာလက မြန်မာပြည်သူများကြောင့် အရေးကြီးသော အောင်မြင်တိုးတက်မှုများရခဲ့၍ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း၊ အတိတ်ကာလက ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးစွာဆက်ဆံမှုနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုကြောင့်လည်း အကောင်းဆုံး ဖွံ့ဖြိုးတိုးတက်မှုများ မျက်ဝါးထင်ထင် တွေ့မြင်နေရကြောင်း၊ နှစ်နိုင်ငံအစိုးရနှင့်ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော် ကျန်းမာပျော်ရွှင်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်းစသည်ဖြင့် ဖော်ပြထားသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း ဗီယက်နမ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဖန်ဇာခီရမ်းက အထက်ပါအတိုင်း သဝဏ်လွှာပေးပို့သည်။

ဖိလစ်ပိုင်သမ္မတနိုင်ငံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာကါပါဂါလ် အာရိုယိုထံမှ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဖိလစ်ပိုင်အစိုးရနှင့် ဖိလစ်ပိုင်ပြည်သူများအနေဖြင့် လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သပါကြောင်း၊ ဖိလစ်ပိုင်–မြန်မာဆက်ဆံရေးသည် မကြာသေးသည့်နှစ်များက တိုးတက်လာသကဲ့သို့ မိမိနှစ်နိုင်ငံပြည်သူများ အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် ပူးပေါင်းဆောင်ရွက်မှုများတိုးချဲ့နိုင်ခဲ့ကြောင်း၊ အာဆီယံအသိုက်အမြုံ၏ တစ်ခုတည်းသောအောင်မြင်မှုများရရှိရေးရည်မှန်းချက်ကို အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏စည်းလုံးညီညွတ်မှု၊ ဒီမိုကရေစီနှင့် သာယာဝပြောရေး ကြိုးပမ်းအားထုတ်မှုများကိုလည်း အတည်ပြုထောက်ခံပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်း ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာကါပါ ဂါလ်အာရိုယိုက အထက်ပါအတိုင်း သဝဏ်လွှာပေးပို့သည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အယ်လ်ဘာတိုဂျီရိုမူလိုက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ချောင်မာလေဆိုင်ရာဆုန်ထံမှ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူများအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပါးအပ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများသည် ကဏ္ဍစုံဖွံ့ဖြိုး တိုးတက်ရေးနှင့် နှစ်နိုင်ငံပြည်သူများ အကျိုးစီးပွားကို ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့သည်ကို မှတ်ချက်ပြုပြောကြားလိုပါကြောင်း၊ အဆွေတော် ကျန်းမာရွှင်လန်းစေရန်နှင့် မြန်မာပြည်သူပြည်သားများ ဆက်လက်တိုးတက်ကြီးပွားစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်း လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘွန်ညံဗိုရာချစ် လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့ရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပါးအပ်ပါကြောင်း၊ နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်း ဆက်ဆံရေးသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ပိုမိုသယ်ပိုးနိုင်ခဲ့ကြောင်း၊ အဆွေတော်ကျန်းမာရွှင်လန်းစေရန်နှင့် မြန်မာပြည်သူပြည်သားများ ကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ဖော်ပြထားသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းထံသို့လည်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းက အလားတူ သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ထံသို့လည်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာထောင်လွန်ဆီဆူလစ်ကလည်း လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်။)

(မြန်မာ့အလင်း)

စက်မှု(၁) ဈေးရောင်းပွဲ ရက်တိုးမြှင့်

ရန်ကုန် ဇန်နဝါရီ ၅

အမှတ်(၁) စက်မှုဝန်ကြီးဌာနက ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်အားကစားကွင်း၌ ကျင်းပသော စက်မှု(၁)ဈေးရောင်းပွဲတော်ကို ဇန်နဝါရီ၃ရက်အထိ ရက်ထပ်မံတိုးမြှင့်ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဈေးရောင်းပွဲတော်၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၇) ဖြင့် **ဦးကိုကိုအေး** [အုပ်ချုပ်မှုဒါရိုက်တာ၊ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက်နှင့် အမျိုးသားဂေါက်သီးလေ့ကျင့်ရေး(မြန်မာ)လီမိတက်]အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် **သီရိသုဓမ္မမဏိဇောတဓရ** ချီးမြှင့်အပ်နှင်းခြင်းကို ထိုက်ထိုက်တန်တန်ခံယူရရှိပါသဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးဆတက်ထမ်းပိုး သယ်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မမကြီး – (ဦးတင်ငြိမ်း)–ဒေါ်အေးမိ
တူမလေး – မခင်မငြိမ်း [B.Sc(Phy) M.Sc (Cr) MRES (Thesis)]
တူလေး – မောင်အေးကိုကိုညိမ်း B.Sc(Chem)
ဆင်မင်းဆပ်ပြာစက်မိသားစု။

ဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော်မှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၇ ဖြင့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ကို ထိုက်တန်စွာချီးမြှင့်ခြင်းခံရသော ကျွန်တော်/ကျွန်မတို့၏ဖခင်ကြီး ဦးအောင်ကြည်မြင့် (သီရိရတနာမဥ္ဇူသာ) ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်အတွက် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူပါကြောင်းနှင့် သာသနာ့အကျိုး တိုင်းပြည်အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သားသမီးဝန်ထမ်းများ

(၁) သီရိရတနာမဥ္ဇူသာကုမ္ပဏီလီမိတက်
(၂) မင်းမဟာ၊ တာယာ ဘက်ထရီရောင်းဝယ်ရေးလုပ်ငန်း
(၃) ကြော်ငြာမော်တော်ယာဉ်အလုပ်ရုံ
(၄) ခရမ်းမြို့၊ ကန်ဦးပရဟိတဂေဟာမှ မိဘမဲ့ကလေးများ

အမည်ပြောင်း

အဖ ဦးဉာဏ်ဖေ၏ သား မောင်နေယျာမင်းမင်းထွန်း ၆/ရဖန (နိုင်)၀၂၆၄၇၉ အား မောင်ရန်ပိုင်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရန်ပိုင်အောင်။

တိုက်ခန်းရောင်းမည်

(ညှိနှိုင်းဈေး)
အမှတ် ၂၉၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ မြေညီ(ဝဲ)။
ဖုန်း–၀၉–၅၀–၁၈၄၇၉။

အမွေစား အမွေခံ သားအဖြစ်မှစွန့်လွှတ်ခြင်း

မောင်ဝင်းဝေဖြိုးလှိုင် ၁၂/ဥကတ(နိုင်)၁၅၈၈၄၇ သည် မိဘညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲအောင်ပြုမူပြီး နေအိမ်မှဆင်းသွားပါသဖြင့် ၂၉–၁၂–၂၀၀၆ရက်မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ပြီးကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **မိခင်–ဒေါ်နန်းငွေခင် တောင်ဥက္ကလာပမြို့နယ်။**

ဂုဏ်ယူဝမ်းမြောက်ခြင်း

ရော၀တီတိုင်း၊ ပန်းတနော်မြို့နယ် ဦးကျော်ဆန်း၏ ဇနီး ပျားဝတ်ရည် အင်တာပရိုက်(စ်) မန်နေဂျင်းဒါရိုက်တာ **ဒေါ်ညွန့်ညွန့်ဝင်း** သည် ၄–၁–၂၀၀၇ရက်တွင် နိုင်ငံတော်က ချီးမြှင့်ပေးအပ်သည့် သီဟသုဓမ္မသိင်္ဂီဘွဲ့အား ထိုက်တန်စွာရရှိသည့်အတွက် အတိုင်းအဆမရှိ ဝမ်းမြောက်စွာ ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ သာသနာ့အကျိုးကို ဆတက်ထမ်းပိုးလှူဒါန်းဆောင်ရွက်နိုင်ပြီး လုပ်ငန်းများ ဆက်လက် တိုးတက် အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ပျားဝတ်ရည်အင်တာပရိုက်(စ်)
ဝန်ထမ်းများမိသားစု ပန်းတနော်မြို့နယ်။

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ချစ်သူငယ်ချင်း **ဒေါ်ခင်ချိုအုန်း**(ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)သည် နိုင်ငံတော်မှ အပ်နှင်းသော **"သီရိသုဓမ္မသိင်္ဂီ"**ဘွဲ့တံဆိပ်ချီးမြှင့်ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ တိုင်းပြည်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါ်နန်းခင်ကြည်ကြည်(ဒု–ညွှန်မှူး)	ရှေ့နေချုပ်ရုံး
ဒေါ်ခင်လှနွဲ့(လ/ထညွှန်မှူး)	ရှေ့နေချုပ်ရုံး
ဒေါ်ငွေးငွေးငြိမ်း(လ/ထညွှန်မှူး)	ရှေ့နေချုပ်ရုံး
ဒေါ်နော်ဒေါရစ်(ဦးစီးအရာရှိ)	ရှေ့နေချုပ်ရုံး

- - - - - - - - - -

ဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ်၁/၂၀၀၇ဖြင့် **"သီရိသုဓမ္မသိင်္ဂီ"**ဘွဲ့ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုအပ်ပါသည်။

ဦးဝီရှူး (ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)
ဇနီး ဒေါ်နုနုဝေ။

- - - - - - - - - -

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း (မန်နေဂျင်းဒါရိုက်တာ၊ ခနအောင် ကုမ္ပဏီ) အထက(၂)တောင်ဥက္ကလာပ ကျောင်းအကျိုးတော်ဆောင်နာယက၏ ဇနီး **ဒေါ်ခင်ချိုအုန်း** (ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၇)ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့် **"သီရိသုဓမ္မသိင်္ဂီ"**ဘွဲ့အား အပ်နှင်းချီးမြှင့်ခံရသည့်အတွက် မိသားစုနှင့်ထပ်တူ လှိုက်လှဲစွာဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း။

နိုင်ငံတော်အကျိုး၊ သာသနာအကျိုးလည်း ဆတက်ထမ်းပိုးထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

ကျောင်းအုပ်ဆရာမကြီး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့်
ကျောင်းသား ကျောင်းသူဟောင်းများ အထက(၂)တောင်ဥက္ကလာပ။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မကွေးတိုင်း၊ ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့နယ်၊ ညောင်ကန်ရွာနေ
ဦးချစ်လှိုင်-ဒေါ်ခင်မြင့်တို့၏သား

ဗိုလ်မှူးအောင်မိုးလွင် B.Sc (Geology)

တပ်မတော်ဆေးတက္ကသိုလ်

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ တိုက် ၆၊ အခန်း(စီ)၊ ပြည်ထောင်စုရိပ်သာနေ
ဗိုလ်မှူးမောင်မောင်တင်(ငြိမ်း) [ညွှန်ကြားရေးမှူး၊ နတလ၊ ငြိမ်း]-(ဒေါ်တင်ရီလေး)တို့၏သမီး

ဒေါက်တာတင်မိုးမိုးခိုင် M.B.,B.S (Ygn)

1st Year, M.Med.Sc (Medical Jurisprudence)

ဥပဒေရေးရာဆေးပညာဌာန၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်

တို့၏ ၃၀-၁၂-၂၀၀၆ရက် (စနေနေ့)တွင် ရန်ကုန်မြို့ I.B.C (International Business Centre) ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ချီးမြှင့်ဆင်မြန်းပေးသော ဒုတိယဗိုလ်ချုပ်ကြီးမောင်သင့်(အငြိမ်းစား)နှင့်ဇနီး ဒေါ်ပြုံးယဉ်တို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ရာပြည့်နှင့်ဇနီး ဒေါ်သဥ္ဇာဝင်းစိန်တို့အားလည်းကောင်း၊ ၂၀-၁၂-၂၀၀၆ရက်တွင် လက်မှတ်စာချုပ်ရေးထိုးပေးပါသော စမ်းချောင်းမြို့နယ် ဒုတိယမြို့နယ်တရားသူကြီး ဒေါ်မင်းသီတာဝေအားလည်းကောင်း၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာဝတ်စုံ ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်စိုးစိုးနှင့်အဖွဲ့၊ ဗီဒီယိုနှင့်ဓာတ်ပုံ 'ပိုင်'အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာအခါတော် သီဆိုပေးသော ဟေမာနေဝင်းနှင့် မင်္ဂလာတေးသံသာများကိုဖျော်ဖြေပေးသော စန္ဒရား Dr. သိန်းမြင့်သန်းနှင့် တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးသော ညီမငယ် ထက်ထက်ဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော Dr.နှင်းလွင်ဦး၊ I.B.C မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် သူငယ်ချင်းများ၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးအောင်မိုးလွင်-Dr.တင်မိုးမိုးခိုင်။

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

၄-၁-၂၀၀၇ရက် (ကြာသပတေးနေ့) Mya Yeik Nyo Royal Hotel ၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၅-၁-၂၀၀၇ရက် (သောကြာနေ့) မဟာသန္တိသုခကျောင်းတော်ကြီး မင်္ဂလာခန်းမ၌ကျင်းပသော မင်္ဂလာဆွမ်းကျွေးအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့နှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးအောင်မျိုးဟိန်း-မနီနီတင်ထွန်း။

လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့် **ဦးကိုကိုအေး** [အုပ်ချုပ်မှုဒါရိုက်တာ၊ ဖြိုးစည်သူထရေးဒင်း ကုမ္ပဏီလီမိတက်နှင့် အမျိုးသား ဂေါက်သီးလေ့ကျင့်ရေး(မြန်မာ)လီမိတက်]အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် **(သီရိသုဓမ္မမဏိဇောတဓရ)** ချီးမြှင့်အပ်နှင်းခြင်းကို ထိုက်ထိုက်တန်တန်ခံယူရရှိပါသဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုး ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးကိုကိုလေး - ဒေါက်တာသက်သက်လှိုင်
သမီး - မသွယ်သွယ်အိ
သား - ကိုရဲလင်းထွဋ်
ဆင်မင်းဆပ်ပြာစက် မိသားစု။

လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့် **ဦးကိုကိုအေး** [အုပ်ချုပ်မှုဒါရိုက်တာ၊ ဖြိုးစည်သူထရေးဒင်း ကုမ္ပဏီလီမိတက်နှင့် အမျိုးသား ဂေါက်သီးလေ့ကျင့်ရေး(မြန်မာ)လီမိတက်]အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် **(သီရိသုဓမ္မမဏိဇောတဓရ)** ချီးမြှင့်အပ်နှင်းခြင်းကို ထိုက်ထိုက်တန်တန်ခံယူရရှိပါသဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုး ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးခင်မောင်စိန်(United King Star Co., Ltd.)-ဒေါ်မြင့်မြင့်အေး(ဆင်မင်းဆပ်ပြာစက်)
သမီး - မမိုးမြင့်မြတ်မောင်။

ရွှေပေါ်ကျွန်း သာသနာပြုစခန်း မူလကမ္မဋ္ဌာန သေဝက လိုဏ်ဂူတော်ဖွင့်ပွဲနှင့် ကမ္ဘာလုံးစေတီတော် ပထမ ဗျာပနာသွင်းလှူ ပူဇော်ပွဲ

မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင်မြို့နယ် စေတော်ဝင် ရွှေပေါ်ကျွန်း သာသနာပြုစခန်း၏ကျေးဇူးတော်ရှင် အရှင်ဇေယျသိဒ္ဓိ ဓမ္မဥာဏိက(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာတော်ကြီး တရားအားထုတ် အောင်မြင်တော်မူရာ နေရာဌာနတွင် တည်ဆောက်နေသော မူလကမ္မဋ္ဌာနသေဝကလိုဏ်ဂူတော်ဖွင့်ပွဲ၊ ကမ္ဘာလုံးစေတီတော်မြတ်၏ ပထမဗျာပနာသွင်းလှူပူဇော်ပွဲနှင့် ဆရာတော်ကြီး၏ ရုပ်တုတော်အား ဗိမာန်တော်ပလ္လင်ပေါ်သို့ ပင့်ဆောင်ပူဇော်ပွဲကို (၁၃၆၈ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ရက်) ဇန်နဝါရီ ၁၅ရက်(တနင်္လာနေ့)တွင် ကျင်းပမည်ဖြစ်ပါသဖြင့် အမြို့မြို့ အနယ်နယ်မှ ပါရမီရှင် ကုသိုလ်ရှင်ဝေနေယျများ ကြည်ညိုလှူဒါန်းပူဇော်နိုင်ကြရန် ဖိတ်ကြားနိုးဆော်အပ်ပါသည်။

ပဓာနနာယကဆရာတော်နှင့်
ဥပဋ္ဌာကအဖွဲ့
စေတော်ဝင်ရွှေပေါ်ကျွန်းသာသနာပြုစခန်း။

လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့် **ဒေါ်အေးအေးမော်(ခ)ဒေါ်ခင်ဆွေဦး(ခ)ဒေါ်မြတ်သီဂီ** (ဒါရိုက်တာ၊ မြန်မာ့ရွှေသရဖူ ဆောက်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေးကုမ္ပဏီလီမိတက်)အား သာသနာတော်ဆိုင်ရာ **(သီရိသုဓမ္မသီဂီ)** ဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုး ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မြန်မာ့ရွှေသရဖူ မိသားစု။

MYANMAR IVANHOE COPPER COMPANY LIMITED

Programmers

(for local service only)

Requirements;

* Experienced in specific IT products or similar software development(preferably in Mining Area)
* Microsoft Visual Basic. NET,ASP, HTML/DHTML, Crystal Report(7,9),Microsoft Visual Source Safe (6.0),VB Scipt, Java Script, SQL Server Client/Server version
* A diploma or degree in a related field [IAD or B.Sc (NCC) or Computer Science]
* Able to work independently (able to work at mine site)
* Analytical and able to respond and solve problems Good command of written and spoken English.

Please submit your CV attached with copies of all relevant certificates,and one recent photograph.Submit to the address below within two weeks of this advertisement .[A copy of Labour Registradion card.]

Yangon Office	Site Office
No.70 (I) Bo Chein Street	Salingyi Township,
Pyay Road ,Hlaing Township,	Monywa,
Yangon Myanmar	Human Resources Dept.
Tel;951 514, 194/5/6/7	Tel;9571 22225/6

ဂုဏ်ယူဝမ်းမြောက်ကြောင်း

ဦးကိုကိုအေး [အုပ်ချုပ်မှုဒါရိုက်တာ၊ ဖြိုးစည်သူထရေးဒင်း ကုမ္ပဏီလီမိတက်နှင့် အမျိုးသားဂေါက်သီးလေ့ကျင့်ရေး(မြန်မာ) လီမိတက်] အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် **(သီရိသုဓမ္မမဏိဇောတဓရ)** ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဒုတိယဗိုလ်မှူးကြီးလွင်ဆွေ(ငြိမ်း)
ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) [မြန်မာဖရစ်ဝါနာ ကုမ္ပဏီလီမိတက်] - ဒေါ်တင်တင်ထွေး မိသားစု။

ဖခင်အမည်မှန် ကျိုက်မရောမြို့နယ်၊ အလက ခမ္မသ တတိယတန်း(A)မှ မောင်မင်းကျော်ဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးအေးမောင် ၁၀/ကမရ(နိုင်) ဝ၈၁၆၇၆ ဖြစ်ပါကြောင်း။

ကွန်ပျူတာ အခြေခံသင်တန်းဆင်း

နေပြည်တော် ဇန်နဝါရီ ၅

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ Government on Line System ကို မဏ္ဍိုင်ပြု၍ e-Registration, e-Entrance, on Line D-Form and Visa Project; အတွက် Myanmar Unicode အသုံးပြုသည့် ကွန်ပျူတာ အခြေခံသင်တန်းအမှတ်စဉ် (၂/၂၀၀၆) သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် တက်ရောက်၍ သင်တန်းဆင်းအမှာ စကားပြောကြားသည်။

သင်တန်းဆင်းပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဝန်ကြီးဌာန နှစ်ခုရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ သင်တန်းတာဝန်ခံများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရ လ/ထလဝကမှူး ဇော်ဝင်းနိုင်၊ ဒုတိယဆုရ အငယ်တန်းစာရေး အောင်လှိုင်ငွေးတို့အား ဆုချီးမြှင့်၍ သင်တန်းသားသင်တန်းသူများအား သင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

ဂုဏ်ယူဝမ်းမြောက်ကြောင်း

ဒေါ်ထားထားနွယ် (ဒါရိုက်တာ) Kawasho Co., Ltd. အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် **(သီရိသုဓမ္မသီဂီဘွဲ့ ၁/၂၀၀၇)**တွင် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သူငယ်ချင်း
ဒေါ်အေးယုမွန်နှင့် သမီး ပန်ပန်
မိသားစု။

လူထုအားကစားလုပ်ရှားမှု တောင်ကြီးမြို့၌ စုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ

တောင်ကြီး ဇန်နဝါရီ ၃

၂၀၀၆ ခုနှစ် ဒီဇင်ဘာပဥ္စမပတ် လူထုအားကစား လှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃၀ရက် နံနက် ၅နာရီခွဲက တောင်ကြီးမြို့ မြို့မဈေးကြီးရှေ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ် စုရပ်၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဇနီး ဒေါ်သင်းမျိုးမျိုးအောင်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ စုစုပေါင်းအင်အား ၁၃၀၀၀ ကျော်တို့ဖြင့် တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ရှေ့ဦးစွာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဇနီးဒေါ်သင်းမျိုးမျိုးအောင် ဦးဆောင်သောအဖွဲ့သည် တောင်ကြီးမြို့ မြို့မဈေးကြီးရှေ့ ၂၀၀၆ခုနှစ် ဒီဇင်ဘာ ပဥ္စမပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ လမ်းဖြတ်စာသား၊ ပိုစတာအောက်၌ နေရာယူကြပြီး နံနက် ၅နာရီခွဲတွင် တိုင်းမှူးက သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ရာ တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် စုပေါင်းလမ်းလျှောက်ပွဲကို ပြည်သူများနှင့်အတူ မြို့မဈေးကြီးရှေ့မှဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဟော်တယ်လမ်း၊ ရုံးကြီးလမ်းအတိုင်း ပြည်နယ်အားကစားကွင်းသို့ တပျော်တပါး စုပေါင်းလမ်းလျှောက်ကြပြီး (ဝဲပုံ) ပြည်နယ်အားကစားကွင်း၌ ကိုယ်ကာယ ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအတွဲ(၁)၊ အတွဲ(၂) တို့ဖြင့် စုပေါင်းကိုယ်လက်လှုပ်ရှားမှုကို တပျော်တပါး ပြုလုပ်ကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ပြည်နယ်အားကစားကွင်း၌ အပျော်တမ်း ကြက်တောင်ရိုက်အားကစားပွဲကို ပြုလုပ်၍ အမျိုးသား အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယ ဆုရသူများကို တိုင်းမှူးနှင့်ဇနီးတို့က ဆုများပေးအပ်ချီးမြှင့်ကြပြီး အမှတ်တရ ဦးထုပ်များ ပေးအပ်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဘုရားတကာလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဒီဇင်ဘာ၃၀ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းနှင့် အမှုဆောင်အရာရှိ ဦးဘုန်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

မူဆယ်မြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေး သင်တန်းဆင်း

မူဆယ် ဇန်နဝါရီ ၃

မူဆယ်ခရိုင် မူဆယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျင်းပသော ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေး သင်တန်းဆင်းပွဲကို ဒီဇင်ဘာ၂ရက် မွန်းလွဲ၂နာရီက မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက်ရှိ ဆင်းရွှေလီခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်ဝင်းက သင်တန်းဆင်း အမှာစကား ပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ဟန်က သင်တန်းတွင် ဆောင်ရွက်ခဲ့မှုအခြေအနေများ ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းက သင်တန်းတွင် ဆုရသူများအား ဂုဏ်ပြုဆုချီးမြှင့်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ဟန်က သင်တန်းသား ၁၀၉ ဦးကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

တက်ရောက်

သင်တန်းဆင်းပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် သင်တန်းသားသင်တန်းသူ ၁၀၉ဦးတို့ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၆ရက်မှ ဒီဇင်ဘာ၁ ရက်အထိ လေးပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သတ္တမအကြိမ်မြောက် ဖြူးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း (အမျိုးသားကျောင်း–၁၉၂၀) အာစရိယပူဇော်ပွဲ လှူဒါန်းရေး မြေစိုက်ပိုစတာကို ဒီဇင်ဘာ ၂၀ရက်က ကျင်းပရေးကော်မတီအဖွဲ့ စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တွေ့ရစဉ်။ (က–ပ)

ဖြူးမြို့ အထက(၁) အာစရိယပူဇော်ပွဲကျင်းပ

ဖြူး ဇန်နဝါရီ ၁

ဖြူးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း (အမျိုးသားကျောင်း–၁၉၂၀) ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၀ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် အမျိုးသားကျောင်းဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါကျောင်းတွင် ၁၉၂၀ ပြည့်မှ ၁၉၉၀ပြည့်နှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြပြီး ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက် ၆၀ ပြည့် အငြိမ်းစား ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

အာစရိယပူဇော်ပွဲသို့လှူဒါန်းလိုပါက ဦးအင်းရှောက် ဖုန်း–၀၅၄–၄၀၀၉၅၊ ဦးတင်ဌေး (မြင့်မြတ်သူ) ဖုန်း–၀၅၄–၄၀၃၂၇၊ ဦးသက်စိန် (ထပ်တစ်ရာလန်း) ဖုန်း–၀၅၄– ၄၀၀၄၈၊ ဦးမြင့်ထွန်း ဖုန်း–၀၉၅–၀၁၀၃၈၇၊ ဗိုလ်ကြီးအောင်သန်း (ငြိမ်း) ဖုန်း–၀၉၅–၁၄၅၂၆၆၊ ဦးမြဦး ဖုန်း–၀၁–၆၆၀၁၃၁ နှင့် ဦးစန်းလွင် ဖုန်း–၀၂–၃၂၃၇၈တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က–ပ)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
ပြာသိုလပြည့်ကျော် ၅ ရက်
၇–၁–၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်)

နေ့လယ်ပိုင်း

၁၀း၀၀ သုတစုံစွာ သိမှတ်စရာ (လမ်းလျှောက်လေ့ကျင့်ခြင်း၏ အကျိုးကျေးဇူး–သိပ္ပံမှူးတင်)
၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မေခအသားတိုးကြက်မွေးမြူရေး)
၁၁း၃၀ မေတို့တွက်တာ အလှကမ္ဘာ (ဖြူစင်ဝင်းပ သက်ဝင်လှပလာစေမှာ)
၁၁း၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) နှင်းဆီပင်မှာ စံပယ်ပွင့်တယ် (ယင်းမာ)
(၂) မောင့်မေတ္တာ အလျော်ပြန်ပေး (ဟသ်ာတထွန်းရင်)
(၃) တမာရိပ်က ကြိုနှင့်မယ် (လက်ပံတန်း ကြည်ကြည်မြင့်)
၁၂း၀၀ ကလေးများ၏ ဉာဏ်စမ်းပဟေဠိ အစီအစဉ်
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အောင်ပန်းတဝေဝေ)
၁၃း၁၀ ယဉ်ကျေးမှု အနုပညာ (အမျိုးသားယဉ်ကျေးမှု–အောင်ပြည့်)

ညနေပိုင်း

၁၆း၁၀ နေ့စဉ်သုံး အီဒီယမ်
၁၇း၀၀ တေးသံစုံ (ရန်ကုန်လှရွှေအဖွဲ့မှ တေးသံစုံ)
၁၇း၁၅ မြန်မာ့မူပိုင်ဇာတိမာန် ဟောပြောချက် (ပြည်ထောင်စုအတွက် ခံယူချက်နှင့် စည်းလုံးခြင်းစိတ်ထား) (ညွန့်ဟံ–ကြူတော)
၁၇း၃၀ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ကဗျာဘွဲ့မှူး)
၁၈း၄၅ အာယုနဲ့သာစုဆွေးနွေးခန်း
၂၀း၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)
၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) သံယောဇဉ် (မဥ္ဇူသင်း)
(၂) ပြောလိုက်ပါငွေသော်တာ (တက္ကသိုလ်မောင်ရေချမ်း)
(၃) ပန်လိုသည်မှာ (ခင်ခင်)

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော မင်းကွက်(၁)ရပ်ကွက် ၁၇လမ်း ကတ္တရာလမ်းသစ်ဖွင့်

ပေါင်းတည် ဇန်နဝါရီ ၃

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မင်းကွက်(၁) ရပ်ကွက် ၁၇လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က လမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် အမှုဆောင်အရာရှိ ဦးသန်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ) (ဝ၆၄)**



နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ နမ့်ဆောင်ဟူး–နောင်လင် ကျေးလက်လမ်းကို ဒီဇင်ဘာ ၂၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများ စုပေါင်းပြုပြင်ရာသို့ အမှုဆောင်အရာရှိ ဦးဝင်းမော် ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်အန္တရာယ်ကင်းရေး စစ်ဆေးဆောင်ရွက်

သုံးခွ ဇန်နဝါရီ ၂

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဌေး ကြီးကြပ်၍ ဒုတိယဦးစီးမှူး ဒေါ်ခင်ခင်ဌေးနှင့် အဖွဲ့ဝန်ထမ်းများသည် မြို့တွင်းလမ်းများ၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဒီဇင်ဘာ ၂၆ ရက်က ဆိုက်ကားနှင့် စက်ဘီးများ အနေးယာဉ်စည်းကမ်းနှင့်အညီ နင်းရန်အတွက် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဖခင်ဦးမောင်တင့်နှင့် ဦးချစ်တင်တို့အား ရည်စူး၍ မိခင်ဒေါ်မယ်ဟန်ဟန်နှင့် ဒေါ်ကြည်လှိုင်၊ မြေး မောင်ပြည့်ဖြိုးကျော်၊ မြစ် မလွင်သက်ထားမိသားစု တိုက် (၆/၈) ၄လမ်း (၄)ရပ်ကွက် ကမာရွတ်မြို့နယ်က အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းအမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန (ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တစ်ချက်တည်းကျင်းဝင်

ဇန်းမော် ဒီဇင်ဘာ ၃၁

ဇန်းမော်မြို့ ဗလမင်းထင် ဂေါက်ကွင်းတွင် ဒီဇင်ဘာ ၂၅ရက် မွန်းလွဲ ၂နာရီက ဒုတိယရဲမှူးကြီးသိန်းထွန်း၊ ခရိုင်တရားသူကြီး ဦးဘိုလေး၊ ဦးမျိုးတင့်၊ ဦးမြင့်ဦးနှင့် ဦးခင်မောင်လတ်တို့ ပုံမှန်ကွင်းပတ် ကစားရာ ဦးခင်လတ်က ဂေါက်သီး အမျိုးအစား အီးဗွီ ၀၀၁ သစ်သားတုတ် နံပါတ်၅ဖြင့် ရိုက်ရာ ၁၈၁ကိုက်အကွာရှိ ကျင်းအမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း (မူလကျောင်း ဟောင်း) အနောက်ဘက်) တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဒေါက်တာ ဦးရှိန်တင် (၅)နှစ် ပြည့်အား ရည်စူး၍ ဒေါ်သန်းအေး၊ သားသမီး မြေးတစ်စု မင်္ဂလာတောင်ညွန့်

မြို့နယ်က အလှူငွေကျပ် ၁၁၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဘိုကလေး အလက (၁)ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့်ဆွမ်းလောင်းလှူပွဲ

ဘိုကလေး ဒီဇင်ဘာ ၂၅

ဧရာဝတီတိုင်း ဘိုကလေးမြို့ အလက(၁) ကျောင်းသား ကျောင်းသူဟောင်းများ၏ မြို့လုံးကျွတ် သံဃာတော်များအား အရဏ်ဆွမ်းလောင်းလှူပွဲနှင့် နဝမအကြိမ်မြောက် အသက် (၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအား အာစရိယ ပူဇော်ပွဲကို ဇန်နဝါရီ၇ရက် (တနင်္ဂနွေနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အလှူငွေထည့်ဝင်လိုပါက အာစရိယပူဇော်ပွဲကျင်းပရေး ကော်မတီများဖြစ်သော ဦးစိန်မြိုင် (ဗဟိုတရားရုံးရှေ့နေ) ဘိုကလေးမြို့နယ်အသင်း ရန်ကုန်မြို့နှင့် ဦးသန့်ဇင် (TZ ရေထွက်ပစ္စည်းရောင်းဝယ်ရေး) ဖုန်း-၃၂၀-၄၂ အမှတ် ၃၁ ဗိုလ်ဗထူးလမ်း (၅)ရပ်ကွက် ဘိုကလေးမြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၉၄)**

ရန်ကုန်တိုင်း သာကေတမြို့နယ် ၂/မြောက်ရပ်ကွက် တိုးချဲ့(၁)လမ်း အမှတ် ၁၁၉၁နေ (ဦးကျော်ရွှေ)-ဒေါ်တင်ကြည်၊ သားမောင်ဇော်မင်းထွန်း၊ သမီးမမာမာအေး မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် သမ္ဗုဒ္ဓေစေတီရံ တစ်ဆူအတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။ (က-ပ)

ဟင်္သာတမြို့ မြို့သူကြီးဘုရားလမ်း ကတ္တရာလမ်းသစ်ဖွင့်

ဟင်္သာတ ဇန်နဝါရီ ၂

(၅၉)ကြိမ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ဟင်္သာတမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ဟင်္သာတမြို့ မြို့သူကြီးဘုရားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ၂၂ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်က အထိမ်းအမှတ်အလံများကို ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ခရိုင်ဥက္ကဋ္ဌတို့ထံပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌဦးအောင်ကျော်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ လမ်းကော်မတီဝင် ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ်၍ ကတ္တရာလမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါလမ်းသစ်မှာ အရှည်၉၇၅ပေ၊ အကျယ်၈ပေ ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်း၍ ငွေကျပ် ၃၈ဒသမ၅သိန်းဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ် စည်ပင်)**

ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစန်းမော်ခင် ဒီဇင်ဘာ ၂၉ရက်က ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြေသားလမ်း အဆင့်မှ ဂဝံလမ်း သို့အဆင့်မြှင့်တင်သော ဝေါမြို့အင်းတိုင်စု ကျေးလက်လမ်းကို ကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ

ဦးစောရွှေနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးကျော်စိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဟိုပင်မြို့၌လမ်းခင်းရန် ကျောက်များစုဆောင်း

ဟိုပင် ဒီဇင်ဘာ ၃၀

ဟိုပင်မြို့နယ်တွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဆောင်ရွက်သည့် ကျေးလက်လမ်းဖြစ်သော မြို့သာယာ-အင်းလေးလမ်း ကျောက်ချောလမ်းခင်းနိုင်ရန်အတွက် ကျောက်ခွဲနေမှုကို ဒီဇင်ဘာ ၁၆ရက်က စည်ပင်သာယာရေးအဖွဲ့တာဝန်ခံဦးသိန်းထူးနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးအင်န်ခွန်းအောင်တို့ ကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၈-၁-၂၀၀၇ (တနင်္လာနေ့)

- ❑ လျှပ်စီး၊ဗို့အားနှင့်ဓာတ်လိုက်ခြင်း
  - ပထမနှစ် ရူပဗေဒအထူးပြုအဝေးသင်/နေ့ကျောင်းသားကျောင်းသူများ အများပြည်သူများ။
- ❑ ပုစွန်အကြောင်းသိကောင်းစရာ
  - အများပြည်သူများ။

၉-၁-၂၀၀၇ (အင်္ဂါနေ့)

- ❑ "Contemporary Science and Role of Genetics"
  - ဒုနှစ်+စနှစ်အထိရုက္ခဗေဒ အထူးပြုအဝေးသင်/နေ့ကျောင်းသားကျောင်းသူများနှင့် ဘွဲ့ကြိုကျောင်းသားကျောင်းသူများ၊ အများပြည်သူများ။
- ❑ Translation Studies
  - မဟာဝိဇ္ဇာအရည်အချင်းစစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသားကျောင်းသူများ။

၁၀-၁-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

- ❑ Soaps and Detergents (Soaps)
  - တတိယနှစ် ကုန်ထုတ်ဓာတုဗေဒ/ဓာတုဗေဒအထူးပြုကျောင်းသားကျောင်းသူများ၊ အများပြည်သူများ။
- ❑ Detergents II
  - တတိယနှစ် ကုန်ထုတ်ဓာတုဗေဒ/ဓာတုဗေဒအထူးပြု ကျောင်းသားကျောင်းသူများ၊ အများပြည်သူများ။
- ❑ Psycholinguisties
  - ဒုတိယနှစ် မဟာဝိဇ္ဇာ အင်္ဂလိပ်စာအထူးပြု ကျောင်းသားကျောင်းသူများ

၁၁-၁-၂၀၀၇ (ကြာသပတေးနေ့)

- ❑ Natural Perfumes
  - ဒုတိယနှစ်ကုန်ထုတ်ဓာတုဗေဒ ကျောင်းသားကျောင်းသူများ။
- ❑ Environmental Engineering
  - Postgraduate Students (M.Sc) of Multidisciplinary Courses

၁၂-၁-၂၀၀၇ (သောကြာနေ့)

- ❑ ပုဂံမြို့ဟောင်းနှင့် ကျွန်တော်စာတမ်းငယ်လေ့လာချက်
  - ပထမနှစ်အထူးပြုအားလုံး၊ မဟာဝိဇ္ဇာ အရည်အချင်းစစ်နှင့်မဟာဝိဇ္ဇာ (မြန်မာစာအထူးပြု)
- ❑ ပုဂံခေတ်ကျောက်စာများတွင် ထင်ဟပ်နေသော ပုဂံခေတ်အမျိုးသမီးများ
  - ပထမနှစ် မဟာဝိဇ္ဇာတန်းအထိ အရည်အချင်းစစ်နှင့် မဟာဝိဇ္ဇာ (မြန်မာစာအထူးပြု)နှင့် အများပြည်သူများ။

၁၃-၁-၂၀၀၇ (စနေနေ့)

- ❑ Motion in one and two dimensions
  - ပထမနှစ် သိပ္ပံအထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ Rotational Motion and Dynamics
  - ပထမနှစ်သိပ္ပံ အထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ Work, Energy and Power
  - ပထမနှစ် သိပ္ပံအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Electrical Devices
  - ပထမနှစ် ရူပ၊ ဓာတု၊ သင်္ချာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Heat and Thermodynamies
  - ပထမနှစ် အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Electrostatics
  - ပထမနှစ် အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Chemical Basic of Heredity
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Horticulture
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Meristematic Tissues and Permanent Tissues
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Fungi
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Nuclear Acids
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၁၄-၁-၂၀၀၇ (တနင်္ဂနွေနေ့)

- ❑ Ecology
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Rana Tigrina
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ General Account of Hydra
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Conservation of the Biomes
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု
- ❑ Reproduction and Life Cycle
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Dugesia (Euplanaria)
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Phase Rules and Phase System
  - ဒုတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Co.ordination Chemistry
  - ဒုတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Isomerism
  - ဒုတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Ionic Solids
  - ဒုတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Mechanisms
  - ဒုတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ

ပြည်သူများသို့ လျှပ်စစ်ဓာတ်အား အပြည့်အဝဖြန့်ဖြူးပေးနိုင်ရေး စက်စွမ်းအားပြည့်လည်ပတ်နိုင်အောင် ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁ရက် နံနက်ပိုင်းက ရန်ကုန်မြို့ သာကေတစက်ရုံ စက်များ စက်စွမ်းအား အပြည့်အဝ လည်ပတ်နိုင်ရန် စက်အစိတ်အပိုင်းအမျိုးမျိုး အသစ်လဲလှယ်မှုကို သွားရောက်စစ်ဆေးရာ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးသန်းလွင်နှင့် သာကေတစက်ရုံမှူး ဦးထွန်းလှိုင်တို့က သာကေတစက်ရုံ၌ အသစ်လဲလှယ်မည့် Filter များ၊ Fuel Nozzle များ၊ Combustion Liner နှင့် Cross Fire Tube တို့ကို ရှင်းလင်းပြသသည်။

ပူးပေါင်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် သာကေတစက်ရုံကို စက်စွမ်းအားအပြည့်အဝ လည်ပတ်နိုင်ရန် အသစ်လဲလှယ်မည့် စက်အစိတ်အပိုင်းအမျိုးမျိုးနှင့် အရည်အသွေးကို ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများကို လျှပ်စစ်ကျွမ်းကျင်လုပ်သားများ ကွဲခိုင်မှုပြုလုပ်နေမှုကိုလည်းကောင်း၊ Filter အဟောင်းများနှင့် လဲလှယ်မည့် Filter များ စက်ရုံအတွက် ရောက်ရှိနေမှုကိုလည်းကောင်း၊ အမှတ်(၃)စက်ကို စက်အစိတ်အပိုင်းများ အသစ်လဲလှယ်နိုင်ရန် လျှပ်စစ်ကျွမ်းကျင်လုပ်သားများ စက်ကွဲခိုင်ရေး ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ပြည်သူများသို့ လျှပ်စစ်ဓာတ်အား အပြည့်အဝဖြန့်ဖြူးပေးနိုင်ရန် စက်များ၏ကွဲခိုင်ရေးကို အလေးထားဆောင်ရွက်စေလိုကြောင်း၊ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန် အတွက် ကျွမ်းကျင်အင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်ပြီး အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

စာမျက်နှာ ၇ ကော်လံ ၄ ●

ကြည့်ရှုစစ်ဆေး



အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် သာကေတစက်ရုံသို့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပို့လွှတ်သွယ်တန်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် သာယာ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် (ခ)ရပ်ကွက် ငမိုးရိပ် ဂျိုးဖြူရေပိုက်ဆက်သွယ်ဖွင့်လှစ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံများဖြစ်ကြသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ကြီးကြပ်မှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးစီးဆောင်ရွက်ပြီးစီးခဲ့သော သဃ်န်းကျွန်းမြို့နယ် (ခ)ရပ်ကွက် ငမိုးရိပ် ဂျိုးဖြူရေပိုက် ဆက်သွယ်ဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၇ ကော်လံ ၄ ■

လှိုင်းချောင်းရေလှောင်တမံကြောင့် ရာနှုန်းပြည့်ဆန်ဖူလုံတော့မည့် ပုလဲမြို့နယ် ဆည်ရေဖြင့် ဆန်စပါး၊ ပဲ၊ ပြောင်း သုံးသီးစိုက်ပျိုးနိုင်၍ လူမှုစီးပွားဘဝပိုမိုအဆင်ပြေ

ရန်ကုန် ဇန်နဝါရီ ၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် သီးနှံပိုမိုစိုက်ပျိုး ထုတ်လုပ်နိုင်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို ရှေးရှု၍ အချိန်တိုအတွင်း ပြီးစီးနိုင်မည့် အသေးစား၊ အလတ်စား ဆည်မြောင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် လယ်ယာသီးနှံ စိုက်ပျိုးမှုတိုးတက်ရေးအတွက် ဆည်မြောင်းဦးစီးဌာနက စူးစမ်းလေ့လာမှုပြုလုပ်ပြီးနောက် အလတ်စား လှိုင်းချောင်းရေလှောင်တမံစီမံကိန်းကို တည်ဆောက်ခဲ့ပြီး ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပေပြီ။

စာမျက်နှာ ၈ ကော်လံ ၁ ❐

ကွင်းဆင်းမေးမြန်းရေးသားသူ - ကျော်စိန်
ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)

စစ်ကိုင်းတိုင်း ပုလဲမြို့နယ်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သော လှိုင်းချောင်းရေလှောင်တာတမံနှင့် ရေထုတ်မြောင်းစင်၏ လှပသောရှုခင်းကို ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း- အောင်သန်း(မင်္ဂလာတောင်ညွန့်)

6-1 (20) 1 3/24/1905, 11:05 PM